# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၃) ရက် ၊ စနေနေ့ ၊ (18-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၁၇**

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမဥ္ဇကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးမောင်ကို၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ

**စာမျက်နှာ ၁၆ ကော်လံ ၁ ➩**


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။



အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းငွေဖြည့်သွင်းခြင်း
- ပြည်တွင်း၊ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ပြည်ပကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၁၈ ရက်
အယ်ဒီတာ့အာဘော်

# သံနှင့် သံမဏိလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ စသည့် အဓိကကျသော အခန်းကဏ္ဍသုံးရပ်ရှိပြီး မဟာဗျူဟာမြောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် သံနှင့် သံမဏိထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးသည် အလွန်အရေးပါသည်။ ထို့ကြောင့် နိုင်ငံတော်က သံမဏိထုတ်လုပ်ရေးစီမံကိန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လူတစ်ဦးချင်းစီ၏ သံ၊ သံမဏိသုံးစွဲမှုပမာဏအပေါ်မူတည်၍လည်း တိုင်းတာဖော်ပြလေ့ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်းသည် ကမ္ဘာပေါ်တွင် သံမဏိထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ၁၆ ရာခိုင်နှုန်း၊ စက်ပစ္စည်းများအတွက် ၁၄ ရာခိုင်နှုန်း၊ သတ္တုထုတ်ကုန်များအတွက် ၁၄ ရာခိုင်နှုန်း၊ မီးဖိုချောင်သုံးပစ္စည်းပရိဘောဂ၊ လျှပ်စစ်ပစ္စည်းများအတွက် ခြောက်ရာခိုင်နှုန်း အသုံးပြုသည့်အတွက် သံမဏိသည် လူသားတို့ဘဝရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။

ထို့ပြင် သံမဏိသည် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည်။ သံမဏိသည် အခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသော အရည်အသွေးများနှင့် ပြည့်စုံနေသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် သံမဏိလိုအပ်ချက်သည် ဆက်တိုက်မြင့်မားလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ်သံမဏိတန်ချိန် သုံးသန်းခန့် အသုံးပြုနေရသည်။

ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သံမဏိစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်ပြီး လိုအပ်သော သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှတင်သွင်းနေရသည်။ မိမိတို့နိုင်ငံတွင် သံနှင့် သံမဏိထုတ်လုပ်ရန် သံသတ္တုရိုင်းသိုက်နှင့် ကျောက်မီးသွေးများ အထိုက်အလျောက်ရှိ၍ သယံဇာတများနှင့် ကိုက်ညီသည့် နည်းပညာများကို အသုံးချပြီး သံရိုင်းမှ သံမဏိအဖြစ်လည်းကောင်း၊ သံတိုသံစများမှ အဆင့်မြင့် သံမဏိအဖြစ်လည်းကောင်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှ ဝယ်ယူတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်၍ နိုင်ငံခြားငွေအသုံးပြုရမှုမှ သက်သာစေမည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်း၌ သံမဏိထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများ ပြည့်မီရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သံသတ္တုရိုင်းများကို သန့်စင်ကျိုချက်ရာမှ ထွက်ရှိလာသည့် ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိခိုက်မှုမရှိအောင် သံမဏိလုပ်ငန်းရှင်များအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများရှိ သံမဏိလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် အသုံးပြုလျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်းများ အစဉ်ထာဝရ ရှင်သန်ရပ်တည်နိုင်ရေးနှင့် တိုးတက်ဖြစ်ထွန်းအောင်မြင်စေရေးတို့အတွက် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း ဆောင်ရွက်ခြင်းမပြုဘဲ အမြော်အမြင်ကြီးစွာ မိမိတို့၏ အရင်းအမြစ်အသီးသီးကို စုပေါင်းလျက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ သံနှင့် သံမဏိကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်ရေး နည်းပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး ချော်ဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာနှင့်ဗန်းမော်သို့ ပြေးဆွဲသည့် ခရီးသည်တင်ရှပ်ပြေးအမြန်ရေယာဉ်များ သင်္ကြန်ကာလတွင်မရပ်နားဘဲပြေးဆွဲမည်



**မန္တလေး မတ် ၁၇**

မန္တလေး ချော်ဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာနှင့် ဗန်းမော်ဘက်သို့ပြေးဆွဲသည့် ခရီးသည်တင်ရှပ်ပြေးအမြန်ရေယာဉ်များ သင်္ကြန်ကာလတွင် မရပ်နားဘဲ ပြေးဆွဲပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

လာမည့်ဧပြီလတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ၎င်းသင်္ကြန်ပွဲတော်ကာလ ရုံးပိတ်ရက်ရှည်တွင် မန္တလေးမြို့မှ နေရပ်ပြန်မည့်ခရီးသည်များအပြင် အခြားစီးပွားရေးလုပ်ငန်းများဖြင့် ခရီးသွားမည့်ခရီးသည်များ အဆင်ပြေစေရေး မန္တလေး ချော်ဆိပ်ကမ်းမှ ခရီးသည်တင် ရှပ်ပြေးအမြန်ရေယာဉ်များအနေဖြင့် မရပ်နားဘဲ နေ့စဉ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းမှာ မတ်လအတွင်း ခရီးသည်လိုက်ပါစီးနင်းမှုက ပုံမှန်အနေအထားမှာပဲရှိတယ်။ သင်္ကြန်မတိုင်မီနဲ့ သင်္ကြန်ကာလအတွင်းမှာတော့ ချော်ဆိပ်ကမ်းကနေ မတ္တရာ၊ သပိတ်ကျင်း၊ ကသာနဲ့ ဗန်းမော်ဘက်ကို လိုက်ပါစီးနင်းမဲ့ ခရီးသည်တွေ များလာမှာဖြစ်တဲ့အတွက် ရှပ်ပြေးအမြန်ရေယာဉ်တွေ ရပ်နားမှုမရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမှာပါ"ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းမှ မတ်လ ပထမပတ်က သပိတ်ကျင်း၊ ကသာနှင့် ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာရှိကြောင်း၊ မတ်လ ဒုတိယပတ်မှစ၍ ချော်ဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာနှင့် ဗန်းမော်ဘက်သို့လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း၊ လာမည့်သင်္ကြန်ကာလတွင်လည်း ခရီးသည်လိုက်ပါစီးနင်းမှုများပြားမည်ဖြစ်သည့်အတွက် ခရီးသည်တင် ရှပ်ပြေးအမြန်ရေယာဉ်အစီးရေ ၁၀၀ ကျော်ဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး ချော်ဆိပ်ကမ်းတွင် ခရီးသည် လိုက်ပါစီးနင်းသည့် ရှပ်ပြေးအမြန်ရေယာဉ်များ အပါအဝင် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၁၇**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာခြင်း မရှိသေးသော်လည်း အကွက်ရိုက် ရောင်းချမှုများကို စိတ်ဝင်စားမှု မြင့်တက်နေပြီး အမှန်တကယ် နေထိုင်လိုသူများ အများဆုံး ဝယ်ယူမှုရှိနေကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေပါတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုခိုင်မာတဲ့ မြေ၊ မြေကွက်အကျယ်မဟုတ်တာ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေအဆောက်အအုံ ဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့ မြေအမျိုးအစားဖြစ်နေတာ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့ သူတွေကတော့ အရှုံးပဲ ဖြစ်နေရပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထို့ပြင် အငှားဈေးကွက်တွင် ဈေးနှုန်းများပါ မြင့်တက်လာပြီး မြို့တွင်းပိုင်းအချက်အချာကျသည့်နေရာများ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း၊ ငှားရမ်းမှုအများဆုံးမှာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍ဖြစ်နေကြောင်း သိရသည်။

အကွက်ရိုက်မြေကွက်များအနေဖြင့် ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ နှင့်အထက်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး မတ် ၁၇**

မန္တလေးဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ စားတော်ပဲများကို ရန်ကုန်၊လားရှိုးအပါအဝင် မန္တလေးမြို့မှ ကုန်သည်များက အဝယ်များပြားလျက်ရှိကြောင်း၊ စားတော်ပဲမှာ ယခင်က အရောင်းအဝယ် အေးခဲ့သော်လည်း လက်ရှိတွင် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းများ ရရှိလာကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းကော ပြည်ပကပါ စားတော်ပဲတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတယ်။ ပြည်ပက ဒီထက်ပိုပြီး ဝယ်ယူမှုများလာရင်တော့ မန္တလေးဈေးကွက်မှာ အခုဈေးထက်ကို ဈေးကောင်း ပိုရနိုင်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ်လ ပထမပတ်က စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀ ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း မတ် ၁၅ ရက်တွင် စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းဈေးကွက်မှာ စားတော်ပဲ အရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပကို တင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲ အားထားပြီး လက်လီ၊လက်ကားရောင်းနေရတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ( ၄၄)

ကြည်လွင်မြင့်(မုံရွာ)



**ပိတ်ချင်း**

အင်္ဂလိပ်အမည် - Dried Catkins

မျိုးရင်း - Piperaceae(ငရုတ်ကောင်းမျိုးရင်း)

ရုက္ခဗေဒအမည် - Piper longum Linn.

**အဓိကဆေးဖက်ဝင်ပုံ**

ပိတ်ချင်းသည် အစာမကြေရောဂါ၊ ဝမ်းမီးအားနည်းရောဂါ၊ သွေးတိုးရောဂါ၊ ငှက်ဖျား၊ ချမ်းတုန်ဖျား၊ တုပ်ကွေးဖျား၊ သွားနာ၊ သွားကိုက်ရောဂါများ၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါ၊ လေဖြတ်ရောဂါများအတွက် ဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တောင်ပေါ်ဒေသများတွင် သစ်ပင်ကြီးများ၏ အရိပ်အာဝါသအောက်၌ သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အမြစ်

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ အပင်သည် အမြစ်မိန်နွယ်ပင်မျိုးဖြစ်သည်။ ကွမ်းပင်နှင့်ဆင်တူသည်။ ပင်စည်လုံး၍ အဆစ်များရှိသည်။ အကိုင်းအခက်များသေးငယ်ပြီး ထောင်မတ်နေသည်။ အဖိုပင်၊ အမပင်ဟူ၍ရှိသည်။

အရွက်။ ။ အရွက်သည် ရွက်လွှဲထွက်သည်။ နှလုံးပုံရှိ၍ အဖျားချွန်သည်။ ကွမ်းရွက်နှင့်တူသည်။ ရွက်ပြားချောသည်။ ရွက်နားညီသည်။ ထင်ရှားသောရွက်ကြော ခုနစ်ခုရှိပြီး ရွက်ကြောများ ရွက်ညှာရင်းမှ ဖြာထွက်သည်။ ရွက်ညှာရှည်သည်။

အပွင့်။ ။ ပန်းခိုင်တွင် သေးငယ်သည့် အပွင့်လေးများပါရှိသည်။ ပွင့်ညှာမဲ့သည်။ အဖိုနှင့်အမ သတ်သတ်စီရှိ၍ အမပန်းခိုင်သည် အဖိုပန်းခိုင်ထက်ပို၍ သေးငယ်သည်။ အပွင့်အနီရောင်ရှိသည်။ တပို့တွဲလ၊ တပေါင်းလတွင်ရှိသည်။

အသီး။ ။ အသီးသည် သေးငယ်သည်။ ကွမ်းသီးတောင့်ကဲ့သို့ သီးသည်။ မှည့်သောအခါ အနီရောင်ရှိသည်။ အစေ့အနည်းငယ်လုံးဝိုင်းသည်။ ကဆုန်လ၊ နယုန်လတွင် အသီးရင့်မှည့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ပိတ်ချင်းသီးသည် ချို၏။ အေး၏။ သည်းခြေကို ငြိမ်းစေ၏။ အမြစ်သည် စပ်၏။ ပူ၏။ ကြေလွယ်၏။ ဝမ်းမီးကိုတောက်စေ၍ သလိပ်ကိုကြေစေသည်။

**ပိတ်ချင်း၏ဂုဏ်နှင့်စွမ်းရည်**

ပိတ်ချင်း၏ အသီး၊ အမြစ်၊ အရွက်အားလုံး ဆေးဖက်ဝင်အသုံးပြုသည်။ ဝမ်းမီးကိုတောက်စေသည်။ ကြေကျက်စေသည်။ သုက်ကိုပွားစေ၏။ ပြေပြစ်၏။ ဝမ်းသက်စေ၏။ အသက်ရှည်စေ၏။ လေ၊ သလိပ်ကိုနိုင်၏။ ပန်းနာချောင်းဆိုး၊ ဝမ်းဗိုက်နာ၊ အဖျား၊ နူနာ၊ တုလာသရောနာ၊ ဂူလုံး၊ ခယရုဂ်၊ မြင်းသရိုက်၊ အဖျဉ်း၊ ထိုးအောင့်၊ အစာမကြေ၊ လေပျို့လေအန်ရောဂါများစွာ ပျောက်ကင်းစေသည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကိုယ်တစ်ခြမ်းသေ၊ လေဖြတ်ရောဂါဖြစ်လျှင် ပိတ်ချင်းသီးနှင့် ပိတ်ချင်းမြစ်ကို လေးပဲသားစီအမှုန့်ပြု၍ ရေနွေးနှင့် သောက်ပေးခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်။

၂။ ကြို့ထိုးရောဂါဖြစ်လျှင် ပိတ်ချင်းသီးအမှုန့်ကို သကြားနှင့်ရော၍ လျက်ပေးပါက ကြို့ထိုးရောဂါပျောက်ကင်း၏။

၃။ ရတ္တပိတ်နာ ခေါ် သွေးအန်၊ သွေးကျရောဂါဖြစ်ပါက ပိတ်ချင်းသီးအမှုန့်ကို ပျားရည်နှင့်ရော၍ လျက်ပေးလျှင် ပျောက်ကင်းသက်သာစေနိုင်သည်။

၄။ မီးဖွားပြီး မီးတွင်းသွေးအဆင်းလွန်ခြင်းဖြစ်ပါက ပိတ်ချင်းသီးအမှုန့်ကို ထောပတ်နှင့်ရောပြီးတိုက်ကျွေးလျှင် သွေးအဆင်းလွန်ခြင်း ပျောက်ကင်းစေနိုင်သည်။

၅။ သန်ထခြင်း၊ သန်ထိုးခြင်း၊ သန်ကြောင့်ဗိုက်နာခြင်းရောဂါဖြစ်ပါက ပိတ်ချင်းသီးအမှုန့်ကိုရေနွေးဖြင့် ဖျော်တိုက်လျှင် သက်သာပျောက်ကင်းစေနိုင်သည်။ ပိတ်ချင်းသီးမှုန့်ကို ကလေးတွင် နှစ်ပဲသား၊ လူကြီးတွင် လေးပဲသားတိုက်ကျွေးနိုင်သည်။

၆။ ကြက်မျက်သင့်ရောဂါ(နေဝင်လျှင် မျက်စိမမြင်သောရောဂါ)ဖြစ်လျှင် ပိတ်ချင်းရွက်သို့မဟုတ် အသီးကို ရေအေးဖြင့်စိမ်ပြီး မျက်စဉ်းခတ်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၇။ အဆိပ်ရှိသတ္တဝါများကိုက်လျှင် ကိုက်သောဒဏ်ရာကို ပိတ်ချင်းသီးသွေးပြီး လိမ်းပေး၊ သိပ်ပေးပါက အဆိပ်ပြေစေနိုင်သည်။

၈။ ဇက်ကြောတက်ခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ထိုင်းမှိုင်းခြင်းဖြစ်ပါက ပိတ်ချင်းသီးကိုသွေး၍ ရေအေးဖြင့် မျက်စဉ်းခတ်ပေးလျှင် ရောဂါများပျောက်ကင်းစေနိုင်သည်။

၉။ ဒူးကြီးရောဂါ၊ ပေါင်တောင့်တင်းသောရောဂါများဖြစ်လျှင် ပိတ်ချင်းသီးနှင့် ချင်းခြောက်ကိုရော၍ နှမ်းဆီဖြင့်ချက်ပါ။ ထိုဆီကိုဒူးနှင့်ပေါင် အကြောတင်းသောနေရာများတွင် စိမ့်ဝင်အောင်လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၀။ သုက်အားနည်းသော အမျိုးသားများအတွက် ပျားရည်နှင့် ပိတ်ချင်းသီးအမှုန့်ကို ရောစပ်ပြီး ဟင်းစားဇွန်း တစ်ဇွန်းတိုက်ကျွေးပါက သုက်အားပွားများစေနိုင်သည်။

❖ ပိတ်ချင်းသည် အစာမကြေရောဂါ၊ ဝမ်းမီးအားနည်းရောဂါ၊ သွေးတိုးရောဂါ၊ ငှက်ဖျား၊ ချမ်းတုန်ဖျား၊ တုပ်ကွေးဖျား၊ သွားနာ၊ သွားကိုက်ရောဂါများ၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါ၊ လေဖြတ်ရောဂါများအတွက် ဆေးဖက်ဝင်သည်။ ❖

**ပျဉ်းတော်သိမ်**

အင်္ဂလိပ်အမည် - Clausenalansium

မျိုးရင်း - Rutaceae(ရှောက်မျိုးရင်း)

ရုက္ခဗေဒအမည် - Clausena excavate Burm.

**အဓိကဆေးဖက်ဝင်ပုံ**

ပျဉ်းတော်သိမ်သည် ဝမ်းကိုက်ခြင်း၊ လေပူထခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးချုပ်ခြင်း၊ အိပ်မပျော်ခြင်းရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။ ဟင်းခတ်အမွှေးအကြိုင် အဖြစ်လည်း အသုံးပြုသည်။

❖ ပျဉ်းတော်သိမ်သည် ဝမ်းကိုက်ခြင်း၊ လေပူထခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးချုပ်ခြင်း၊ အိပ်မပျော်ခြင်းရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။ ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်း အသုံးပြုသည်။ ❖

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အမြစ်

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ အပင်သည် အပင်ငယ်မျိုးဖြစ်သည်။ အမြင့် ၁၀ ပေကျော်ထိမြင့်တတ်သည်။ အကိုင်းများဖြာထွက်သည်။ ပင်စည်သည် ညိုခြောက်ခြောက်အရောင်ရှိ၍ အနည်းငယ်ကြမ်းသည်။

အရွက် ။ ။ အရွက်သည် ရွက်ပေါင်းဖြစ်၍ ရွက်လွှဲထွက်သည်။ အလျား ရှစ်လက်မခန့်ထိရှည်သည်။ ရွက်မွှာများ၊ အချို့ရွက်ဆိုင်၊ အချို့ရွက်လွှဲထွက်ပြီး ၁၅ ရွက်မှ ၁၇ ရွက်ထိပါရှိသည်။ လုံ့စွပ်ပုံသဏ္ဌာန်ရှိသည်။ ရွက်ရင်းရွဲ့စောင်း၍ အနည်းငယ်ဝိုင်းပြီး ရွက်ဖျားသွယ်သည်။ ရွက်ညှာတိုသည်။ ရွက်ပြားချော၍ ရွက်နား၌ မထင်ရှားသော ခွေးသွားစိပ်အထစ်ငယ်ကလေးရှိသည်။ ရွက်လယ်ကြောထင်ရှား၍ မွှေးကြိုင်သောအနံ့ရှိသည်။ အရွက်နုစဉ်အညိုရောင်ရှိသည်။

အပွင့်။ ။ အပွင့်သည် အဖြူရောင်အပွင့်ပွင့်၍ တန်ခူးလ၊ ကဆုန်လတွင် ပွင့်သည်။

အသီး။ ။ အသီးသည် လုံးဝိုင်း၍ ပန်းရောင်နှင့်အဖြူရောင်ပေါ်တွင် အမည်းစက်ကလေးများရှိသည်။ အတွင်း၌ အစိမ်းရောင်အစေ့တစ်စေ့သာပါရှိသည်။ ဝါခေါင်လ၊ တော်သလင်းလတွင် သီးမှည့်၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ပျဉ်းတော်သိမ်သည် ခါးသက်သက်ရှိ၏။ ဖန်၏။ ပူ၏။ ကြေကျက်လွယ်၏။ အပူကိုငြိမ်းစေ၏။ ဆီးကိုရွှင်စေ၍ အစာကိုကြေစေ၏။

**ပျဉ်းတော်သိမ်၏ဂုဏ်နှင့်စွမ်းရည်**

ပျဉ်းတော်သိမ်၏ ဂုဏ်နှင့်စွမ်းရည်မှာ ခါးသက်သက်ရှိ၍ ဖန်၏။ ကြေကျက်လွယ်၏။ အပူကိုငြိမ်းစေ၏။ နူနာ၊ သွေးဖောက်ပြန်ရောဂါ၊ ပိုးနာ၊ အဆိပ်သင့်နာတို့ကိုနိုင်၏။ ပျဉ်းတော်သိမ်၏အခေါက်ကို တိရစ္ဆာန်များ ဆေးကုသရာ၌ အလွန်အသုံးဝင်၏။ ပျဉ်းတော်သိမ်အခေါက်မှုန့်ကို မုန်ညင်းဆီနှင့်ရော၍ လတ်ဆတ်သော အနာများ၌ထည့်ပေးရ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ပျဉ်းတော်သိမ်အရွက်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးစွဲသည်။

၂။ ဝမ်းချုပ်လျှင် အရွက်ကိုအတို့အမြှုပ်ပြုလုပ်စားခြင်းဖြင့် ဝမ်းကိုသက်စေ၏။

၃။ အဆိပ်သင့်ပါက နွားနို့ထဲတွင် ပျဉ်းတော်သိမ်ရွက်ထည့်ကျိုပြီးသောက်လျှင် အဆိပ်ပျယ်စေနိုင်သည်။

၄။ သွေးဆေး၊ လေဆေးများ ဖော်စပ်ရာတွင် ပျဉ်းတော်သိမ်ရွက်ကို ထည့်သွင်းအသုံးပြုနိုင်သည်။

၅။ အစာမကြေ၊ လေထိုးလေအောင့်ရောဂါဖြစ်လျှင် ပျဉ်းတော်သိမ်ရွက်ကို ဟင်းချက်ရာတွင် ထည့်ချက်ခြင်းဖြင့် အစာကြေစေနိုင်သည်။

၆။ အသားအစိုများချက်ပြုတ်သောအခါ အညှီနံ့နှင့် မကောင်းသောအနံ့များ ပျောက်ကင်းစေရန် ပျဉ်းတော်သိမ်ရွက်ကိုထည့်၍ ချက်ပြုတ်ခြင်းဖြင့် ကောင်းသောဟင်းလျာအနံ့အသက်ကို ရရှိစေနိုင်သည်။

၇။ ဆီးချုပ်၊ ဆီးအောင့်ရောဂါဖြစ်လျှင် ပျဉ်းတော်သိမ်ရွက်၏ သတ္တုရည်ကိုညှစ်ယူပြီး ဟင်းစားဇွန်း တစ်ဇွန်းမှ နှစ်ဇွန်းထိ တစ်နေ့သုံးကြိမ်တိုက်ကျွေးနိုင်သည်။



၈။ စိတ်မကြည်လင်သောရောဂါ၊ ဇက်ကြောတက်ရောဂါဖြစ်လျှင် ပျဉ်းတော်သိမ်အရွက်ကိုပွတ်ခြေပြီး ရှူပေးခြင်းဖြင့် စိတ်ကြည်လင်လန်းဆန်းစေနိုင်သည်။

၉။ ဆီးချိုရောဂါရှိသူများသည် ပျဉ်းတော်သိမ်အရွက်ကို သုံးခွက် တစ်ခွက်တင် ကျို၍ မတ်ခွက်တစ်လုံးစာမျှ သောက်သုံးပေးခြင်းဖြင့် ဆီးချိုကျစေနိုင်သည်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၂၃၀၀ ကျော် တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံကျော်ရရှိထား


**ရန်ကုန် မတ် ၁၇**

ယခုဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ ပြည်ပနိုင်ငံများသို့ မြန်မာ့ပျားရည် မက်ထရစ်တန်ချိန် ၂၃၀၀ ကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံကျော် ရရှိထားကြောင်း မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်ထွေးက ပြောပြ၍ သိရသည်။

မြန်မာ့ပျားရည်ကို တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ စင်ကာပူနိုင်ငံနှင့် တရုတ်(ထိုင်ပေ)တို့သို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ တင်ပို့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အများဆုံးတင်ပို့ကြောင်း သိရသည်။

"မြန်မာ့ပျားရည်ကို ပြည်ပတင်ပို့နိုင်မှု အခြေအနေကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ တန်ချိန် ၂၃၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံကျော် ရရှိထားပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ပျားရည်အမျိုးအစားတွေကတော့ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်တို့ဖြစ်ပြီး ပန်းနှမ်းနဲ့ နှမ်းပျားရည်ကို ပြည်ပသို့အဓိက တင်ပို့နေပါတယ်"ဟု ဦးအောင်ခိုင်ထွေးက ပြောပြသည်။

မြန်မာ့ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှစ်စဉ်ပျားရည်တန်ချိန် ၆၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းစားသုံးရန် တန်ချိန် ၂၀၀၀ ခန့် ထုတ်လုပ်လျက်ရှိကာ ပြည်ပသို့ တန်ချိန် ၄၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံပျားလုပ်ငန်းရှင်များအသင်းမှ သိရသည်။ ASH



## သံတောင်ကြီးမြို့နယ် ထမုံအလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သံတောင်ကြီး မတ် ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ထမုံအလယ်ကျေးရွာနှင့် ဥယျာဉ်ကျေးရွာတို့ကို စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို မတ် ၁၆ ရက်နံနက် ၁၁ နာရီက ထမုံအလယ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို စီမံကိန်းလည်ပတ်ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း နှစ်ရွာတစ်ယူနစ် ဒုတိယအကြိမ်အဖြစ် ထမုံအလယ်ကျေးရွာနှင့် ဥယျာဉ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၈ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုသု**

## မျိုးစေ့

\- အတ္တနဲ့ ပျိုးတော့
အငြိုးတို့ ပင်ပေါက်လာ၊
အမုန်းဆူးတွေ သီးပွင့်လို့
ကြီးရင့်မှည့်ကာ၊
လောကတွက် ဆိုးကျိုးဖြာ
မသာယာ မချမ်းမြေ့၊
တို့လူဘုံ တကွဲတပြားနဲ့
လွဲမှားတဲ့နေ့။

\- မေတ္တာမျိုးစေ့ကိုလ
တိုး၍ဖြင့် စိုက်စမ်းပါ၊
အချစ်ပန်းတွေ အသီးဖြိုးတော့
ခရီးမျိုးသာ၊
အေးချမ်းလို့ သာယာ
လူ့ကမ္ဘာ ဖွံ့ဖြိုး၊
ဒေသစုံ အဝေးအနီး
သွေးစည်းမြတ်နိုး။

\- ဘယ်ပင်ကို ကိုယ်ပျိုးလို့
ဘယ်မျိုးကို ကိုယ်စိုက်နေ၊
အတ္တလား မေတ္တာလား
စဉ်းစားသင့်ပေ၊
အတ္တနဲ့ လွဲပါစေ
မေတ္တာတွေ ဖြိုးဝေအား၊
တို့ကမ္ဘာအညစ်မသန်းပါဘဲ
တို့မြန်မာ အချစ်ပန်းတွေနဲ့
အို. . .
ရစ်လွှမ်းစေသား။ ။

**လွမ်းလေးကို(သရက်)**

## မြောက်ဦးမြို့နယ် ရွာသစ်ကေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး မတ် ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တင်းထိန်ကန်ကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို မတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစော၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှည်ပေ ၅၀၀၊ အကျယ် ရှစ်ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ရွာသစ်ကေကျေးရွာတွင် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် သိန်း ၈၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# နိုင်ငံတကာ သတင်းများ

## မျိုးချစ်စိတ်ကို အကျိုးအမြတ်ထက်ဦးစားပေးရန် စီးပွားရေးလုပ်ငန်းရှင်များကို သမ္မတပူတင်တိုက်တွန်း

**မော်စကို မတ် ၁၇**

မျိုးချစ်စိတ်ကို အကျိုးအမြတ်ထက် ပို၍ဦးစားပေးရန် သမ္မတပူတင်က ရုရှားဘီလျံနာသူကြွယ်များကို မတ် ၁၆ ရက်တွင် တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရုရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် သမ္မတပူတင်က အဆိုပါအတိုင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

တာဝန်သိသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် ရုရှား၏စစ်မှန်သောနိုင်ငံသား၊ ရုရှား၏အကျိုးစီးပွားကို နားလည်တုံ့ပြန်ပေးသည့်နိုင်ငံသားဖြစ်ကြောင်း သမ္မတပူတင်က စီးပွားရေးလုပ်ငန်းရှင်များကို ပြောကြားခဲ့သည်။


ထို့ပြင် အနောက်အုပ်စုနိုင်ငံများ၏အရေးယူပိတ်ဆို့မှုများနှင့်ရင်ဆိုင်နေရချိန်တွင် ရုရှားစီးပွားရေးကို မြှင့်တင်ပေးနိုင်ရေးအတွက် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရန် စီးပွားရေးလုပ်ငန်းရှင်များကို သမ္မတပူတင်က တိုက်တွန်းခဲ့သည်။

ရုရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အကျိုးအမြတ်ထက် နိုင်ငံ၏လိုအပ်ချက်များကို ပို၍ ဦးစားပေးရန်လိုကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

သမ္မတပူတင်နှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူများတွင် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှသည် ဘဏ်လုပ်ငန်းနှင့်ဓာတ်မြေဩဇာလုပ်ငန်းများအထိပါဝင်သောလုပ်ငန်းနယ်ပယ်အသီးသီးမှ ရုရှားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

KKO

## တရုတ်သမ္မတ ရှီကျင့်ဖျင် ရုရှားနိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း သွားရောက်မည်



**ပေကျင်း မတ် ၁၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လာမည့်ရက်သတ္တပတ်အတွင်း ရုရှားနိုင်ငံသို့သွားရောက်၍ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် မတ် ၂၀ ရက်မှ ၂၂ ရက်ထိ ရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ရုရှားနှင့် တရုတ်နှစ်နိုင်ငံစလုံးက ယနေ့တွင် အတည်ပြုသတင်းထုတ်ပြန်ထားသည်။

အချက် ၁၂ ချက်ပါ ယူကရိန်းငြိမ်းချမ်းရေးလမ်းစဉ်ကို တရုတ်အစိုးရက ပြီးခဲ့သည့်လအတွင်းက ကြေညာခဲ့ပြီးနောက် ရုရှားသမ္မတနှင့် တွေ့ဆုံဆွေးနွေးရန် တရုတ်သမ္မတက စီစဉ်ထားခြင်းဖြစ်သည်။

ငြိမ်းချမ်းမှုမြှင့်တင်ရေးအစီအစဉ်တစ်စိတ်တစ်ပိုင်းအရ လေးနှစ်တာနီးပါးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် သမ္မတရှီကျင့်ဖျင်အနေဖြင့် ရုရှားနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သမ္မတရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း ရုရှားနှင့် တရုတ်နိုင်ငံတို့သည် အရေးကြီးသည့် နှစ်နိုင်ငံသဘောတူညီချက် များလည်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

သမ္မတပူတင်သည် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလအတွင်းက ပြုလုပ်ခဲ့သော ဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲ၌ တရုတ်သမ္မတရှီကျင့်ဖျင်ကို ရုရှားသို့လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။ KKO

## ရာဇဝတ်ဂိုဏ်းများကို ဖမ်းဆီးရေးအတွက် ထုတ်ပြန်ထားသော အရေးပေါ်အခြေအနေ စည်းမျဉ်းဥပဒေများကို အယ်လ်ဆာဗေဒိုးလွှတ်တော် သက်တမ်းထပ်တိုး

**ဆန်ဆာဗေဒိုး မတ် ၁၇**

လမ်းပေါ်ရာဇဝတ်ဂိုဏ်းဝင်များကို ဖမ်းဆီးရေးအတွက် ထုတ်ပြန်ထားသော အရေးပေါ်အခြေအနေ စည်းမျဉ်းဥပဒေများကို သက်တမ်းထပ်တိုးရန် အယ်လ်ဆာဗေဒိုးလွှတ်တော်က မတ် ၁၅ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုနှိမ်နင်းရေးအရေးပေါ်အခြေအနေပြဋ္ဌာန်းချက်များကို အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘူကီလီက ၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် စတင်ထုတ်ပြန်ခဲ့သည်။

နောက်ပိုင်း ကာလများတွင် အယ်လ်ဆာဗေဒိုးလွှတ်တော်သည် အဆိုပါ အရေးပေါ်အခြေအနေ စီမံပြဋ္ဌာန်းချက်များကို တစ်လတစ်ကြိမ် သက်တမ်းတိုးပေးခဲ့ရာ မတ် ၁၅ ရက် သက်တမ်းတိုးမှုသည် ၁၂ ကြိမ်မြောက် အရေးပေါ်အခြေအနေ စီမံပြဋ္ဌာန်းချက်များ သက်တမ်းတိုးမှုဖြစ်သည်။

ရာဇဝတ်ဂိုဏ်းနှိမ်နင်းမှုလုပ်ငန်းစဉ်အတွင်း အယ်လ်ဆာဗေဒိုးအာဏာပိုင်များသည် ရာဇဝတ်ဂိုဏ်းဝင်အဖြစ်ယူဆရသူ ဦးရေ ၆၅၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။

လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များရှိနေသည့်တိုင် ဆက်ကြေးကောက် ရာဇဝတ်ဂိုဏ်းများကြီးစိုးခဲ့သည့် အယ်လ်ဆာဗေဒိုးနိုင်ငံ၌ အစိုးရ၏ ဒုစရိုက်ဂိုဏ်းနှိမ်နင်းရေးလှုပ်ရှားမှုမှာ လူကြိုက်များသည့် လုပ်ဆောင်ချက်ဖြစ်ခဲ့ရသည်။

လူထုသဘောထားကောက်ယူမှုစစ်တမ်းရလဒ်များအရ အယ်လ်ဆာဗေဒိုးနိုင်ငံသား ၁၀ ဦးလျှင် ကိုးဦးမှာ အစိုးရ၏ဒုစရိုက်ဂိုဏ်းနှိမ်နင်းရေးမဟာဗျူဟာကို လက်ခံသဘောတူထားကြောင်း သိရသည်။

KKO

## ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံမှုကို မတ်လမှ မေလသို့ နိုင်ဂျီးရီးယားရွှေ့ဆိုင်း



**အဘူဂျာ မတ် ၁၇**

နိုင်ဂျီးရီးယားနိုင်ငံသည် ၁၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ခံမှုကို ကာလ ရွှေ့ဆိုင်းထားကြောင်း ရိုက်တာသတင်းဌာနက မတ် ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အဆိုပါ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ခံမှုကို မူလက ယခုလကုန်ပိုင်းတွင်ပြုလုပ်ရန်စီစဉ်ထားသည်။

ပြည်နယ် အုပ်ချုပ်ရေးမှူးများရွေးကောက်ပွဲကို ရက်သတ္တပတ်ကြာနောက်ဆုတ်ခဲ့မှုကြောင့် ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ခံမှုကိုလည်း မေလအတွင်းပြုလုပ်ရန် ကာလရွှေ့ဆိုင်းထားကြောင်း နိုင်ဂျီးရီးယားပြန်ကြားရေးဝန်ကြီးလိုင်းမိုဟာမက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လက်ရှိလူဦးရေစုစုပေါင်းသည် သန်း ၂၀၀ ကျော်ရှိပြီး ၂၀၅၀ ပြည့်နှစ်အရောက်တွင် ယင်းပမာဏထက် နှစ်ဆတိုးလာနိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ကုလသမဂ္ဂ၏ အဆိုအရ ၂၀၅၀ ပြည့်နှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် တရုတ်နှင့်အိန္ဒိယတို့ပြီးလျှင် ကမ္ဘာ့တတိယမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်လာနိုင်ကြောင်း သိရသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံမှုအား မေလအတွင်း မည်သည့်အချိန်တွင်ပြုလုပ်မည်ကို နိုင်ဂျီးရီးယားပြန်ကြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။ KKO

## အီရန်ကျောင်းသူများ အဆိပ်ခတ်ခံရမှုစုံစမ်းစစ်ဆေးပေးရန် ကုလသမဂ္ဂကို ဥရောပသမဂ္ဂလွှတ်တော်အမတ်များ တောင်းဆို

**ဘရပ်ဆဲလ် မတ် ၁၇**



အီရန်နိုင်ငံ၌ ကျောင်းသူများ အဆိပ်ခတ် တိုက်ခိုက်ခံခဲ့ရမှုပြဿနာအတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ပေးရန် ဥရောပသမဂ္ဂလွှတ်တော်အမတ်များက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို မတ် ၁၆ ရက်တွင် တောင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း အီရန်နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် အဆိပ်ခတ်တိုက်ခိုက်မှုများကြောင့် ကျောင်းသူဦးရေ ၁၃၀၀၀ ကျော် နာမကျန်းဖြစ်ခဲ့ရကြောင်း အီရန်အစိုးရမီဒီယာများက အတည်ပြုထားသည်။

ဥရောပပါလီမန်က မတ် ၁၆ ရက်တွင်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်၌ အီရန်ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုကို အမျိုးသမီးများအား ဖိနှိပ်စော်ကားမှုအဖြစ် ဝေဖန်ထားသည်။

ထို့ပြင် အီရန်ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုအတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးပေးရန် ဥရောပပါလီမန် ဆုံးဖြတ်ချက်၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို တောင်းဆိုထားသည်။

ကျောင်းသူများ အဆိပ်ခတ်တိုက်ခိုက်ခံရမှုကို ခွင့်လွှတ်၍မရနိုင်သည့်ရာဇဝတ်မှုအဖြစ် အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီက ပြောကြားထားသည်။

မိန်းကလေးများ ပညာသင်ကြားမှုကို မလိုလားသည့် တစ်ယူသန်အုပ်စုများက ကျောင်းသူများကို အပျော့စားအဆိပ်များသုံး၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်နိုင်သည်ဟု အီရန်နိုင်ငံရေးခေါင်းဆောင် အချို့က သုံးသပ်ထားကြောင်းသိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**ဝါရှင်တန် မတ် ၁၇**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် မတ် ၁၆ ရက်နံနက်ပိုင်းတွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၆ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာစမ်းသပ်ရေးပစ္စည်း စုစုပေါင်းအလေးချိန် သုံးတန်ကျော် တင်ဆောင်ထားသည့် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို မတ် ၁၄ ရက်တွင် Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် သတ်မှတ်ချိန်ထက် မိနစ် ၂၀ ခန့်ပိုစောပြီး နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းနှင့် ဒရာဂွန်အာကာသကုန်တင်ယာဉ်တို့သည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသအထက် အမြင့် ၂၆၁ မိုင်ကျော်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်၌ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် CR-27 အမည်ရှိ မစ်ရှင်ဖြင့် Space-X ကုမ္ပဏီက အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အတွက် လွှတ်တင်ပေးခဲ့သော ၂၇ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ တစ်လကြာဆိုက်ကပ်ပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။ KKO

## စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားတော့မည့် ကြယ်ကြီးတစ်စင်းကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စူပါနိုဗာကြယ်ပေါက်ကွဲမှုဖြစ်ပွားတော့မည့် ကြယ်ကြီးတစ်စင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက မတ် ၁၆ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ဓာတ်ပုံရိုက်ကူးခဲ့သောကြယ်မှာ WR-124 အမည်ရှိကြယ်ဖြစ်ပြီး နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၅၀၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် ရိုက်ကူးခဲ့သော ဓာတ်ပုံ အထောက်အထားအရ WR-124 ကြယ်သည် အလွန်လျင်မြန်သောနှုန်းဖြင့် ဒြပ်ထုများဆုံးရှုံးနေသောအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



ဝုဖ်-ရေးယက်(Wolf-Rayed) ဟုခေါ်သည့် အလွန်မြင့်မားသောနှုန်းဖြင့် ဒြပ်ထုများဆုံးရှုံးမှုအဆင့်သည် စူပါနိုဗာပေါက်ကွဲမှုဖြစ်ပွားတော့မည့် ရောမကြယ်ကြီးများ၏ အဓိက ဆင့်ကဲပြောင်းလဲမှုအဆင့်ဖြစ်ကြောင်း သိရသည်။

WR-124 ကြယ်သည် အရွယ်အစားအားဖြင့် နေထက်အဆပေါင်း ၃၀ ပိုကြီးမားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါကြယ်သည် စူပါနိုဗာကြယ်ပေါက်ကွဲမှုအတွက် ပြင်ဆင်သည့်အနေဖြင့် အပေါ်ယံဓာတ်ငွေ့လွှာများကို မှုတ်ထုတ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလ၏ မြေအောက်သမုဒ္ဒရာက ဂြိုဟ်ရံလအပေါ်ယံရေခဲပြင်လွှာ လည်ပတ်ရွေ့လျားနှုန်းအပေါ် သက်ရောက်မှုရှိနိုင်

**လန်ဒန် မတ် ၁၇**

ကြာသပတေးဂြိုဟ် ယူရိုပါဂြိုဟ်ရံလ၏ မြေအောက်သမုဒ္ဒရာသည် ဂြိုဟ်ရံလအပေါ်ယံ ရေခဲပြင်လွှာ လည်ပတ်ရွေ့လျားမှုနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၁၆ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံ လေ့လာချက်ရလဒ်များအရ ယူရိုပါဂြိုဟ်ရံလ၏ မြေအောက်သမုဒ္ဒရာသည် ဂြိုဟ်ရံလ ရေခဲအပေါ်ယံလွှာ ရွေ့လျားလည်ပတ်မှုအရှိန်နှုန်းအပေါ် အကျိုးသက်ရောက်မှုရှိနေသည်။

ယူရိုပါဂြိုဟ်ရံလ၏ ရေခဲလွှာမျက်နှာပြင်သည် လွတ်လပ်စွာ မျောပါရွေ့လျားနေကြပြီး ဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာနှင့် ကျောက်သားဝတ်ဆံများ၏ မွှတ်မွှတ်လည်မှုနှုန်းနှင့် ခြားနားသည့်နှုန်းဖြင့် မွှတ်မွှတ်လည်နေသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာမှုများအရ ယူရိုပါဂြိုဟ်ရံလ ရေခဲအပေါ်ယံလွှာ၏ မွှတ်မွှတ်လည်မှုနှုန်းအပေါ် မြေအောက်သမုဒ္ဒရာ ရေစီးကြောင်းများက အကျိုးသက်ရောက်မှုရှိနေတတ်သည်ကို တွေ့ရကြောင်း၊ ယခင်ပြုလုပ်ခဲ့သော လေ့လာမှုအများစုမှာ ယူရိုပါဂြိုဟ်ရံလ ရေခဲအပေါ်ယံလွှာအပေါ် ကြာသပတေးဂြိုဟ်၏ ဒြပ်ဆွဲအားသက်ရောက်မှုကို အဓိကထား ပြုလုပ်ခဲ့ကြသည့် လေ့လာမှုများ ဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်သိပ္ပံပညာရှင်များ၏ အဆိုအရ ယူရိုပါဂြိုဟ်ရံလရေခဲလွှာမျက်နှာပြင်ပေါ်ရှိ ဘူမိသွင်ပြင်လက္ခဏာတချို့သည် မြေအောက်သမုဒ္ဒရာရေစီးကြောင်းများကြောင့် ပေါ်ထွက်လာသည့် ဘူမိလက္ခဏာများဖြစ်နိုင်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုယ်ဝန်ဆောင်ချိန် အအန်ပျောက်ဆေးတစ်မျိုး သုံးခဲ့ရသူများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေမြင့်မား

**နယူးယောက် မတ် ၁၇**

၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်များအတွင်း ကိုယ်ဝန်ဆောင် အအန်ပျောက်ဆေးတစ်မျိုး သုံးစွဲခဲ့ရသော အမျိုးသမီးများသည် အူမကြီးကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ပိုမြင့်မားနေဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက် မတ် ၁၆ ရက်က ရေးသားတင်ပြထားသည်။

Dicyclomine အမည်ရှိ အဆိုပါဆေးသည် ဝမ်းဗိုက်မအီမသာဖြစ်မှုများအတွက် အသုံးပြုခဲ့သော ဆေးဖြစ်သည်။

ထို့ပြင် အဆိုပါဆေးကို ၁၉၆၀ ပြည့်နှစ်အတွင်းမှစ၍ ကိုယ်ဝန်ဆောင်ကာလ အအန်ပျောက်ဆေးအဖြစ်လည်း အသုံးပြုခဲ့ကြသည်။

သို့ရာတွင် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်ကြားကာလအတွင်း Dicyclomine ဆေးသုံးခဲ့ရသော အမျိုးသမီးများ၌ အူမကြီးကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားနေတတ်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၁၉၆၀ ပြည့်နှစ် ကာလအတွင်းနှင့် ၎င်းကာလအလွန်တို့၌မွေးဖွားခဲ့ကြသော အရွယ်ရောက်သူများကြားတွင် အူမကြီးကင်ဆာဖြစ်ပွားမှုမြင့်တက်ခဲ့ရာ Dicyclomine ဆေးများ၏ အကျိုးဆက်ဖြစ်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၁၉၅၉ ခုနှစ်နှင့် ၁၉၆၇ ခုနှစ် ကြားကာလအတွင်း မီးဖွားခဲ့ကြသည့် အမျိုးသမီး ၁၄၅၀၀ ကျော်တို့၏ ဆေးမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## Splenda ဓာတုဗေဒသကြားတစ်မျိုးက ခုခံအားစနစ်၌ တီဆဲလ်ပေါ်ထွက်မှုကိုလျှော့ချနိုင်

**လန်ဒန် မတ် ၁၇**

Splenda အမည်ရှိ လူသုံးများသော ဓာတုဗေဒသကြားတစ်မျိုးသည် လူသားများ၏ခုခံအားစနစ် တုံ့ပြန်မှုကို ဖိနှိပ်ထားပြီး ခုခံအားစနစ်၌ တီဆဲလ်များပေါ်ထွက်မှုအဆင့်ကို လျှော့ချပေးတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မတ် ၁၆ ရက်က ရေးသားတင်ပြထားသည်။

Splenda ဓာတုဗေဒသကြားသည် စားသုံးမှုလွန်ကဲပါက ခုခံအားစနစ်၌ တီဆဲလ်များပေါ်ထွက်မှုအဆင့်ကို လျှော့ချပေးတတ်သည်ဖြစ်ရာ လူသားများထံ ရောဂါဘယများ အဝင်လွယ်လာတတ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ခုခံအားစနစ် တီဆဲလ်များသည် ပုံစံ-၁ ဆီးချိုရောဂါလူနာများ၌ ပန်ကရိယပျက်စီးမှု၊ အရိုးဆက် ရောင်ရမ်းနာဖြစ်ပွားမှုတို့နှင့်ဆက်စပ်နေတတ်သည်ဖြစ်ရာ Splenda သကြားဓာတ်၏ အာနိသင်ကြောင့် အထက်ပါရောဂါနှစ်မျိုးကို ကုသရေးအတွက် လမ်းစသစ်များ ပေါ်ထွက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကြွက်များကိုအသုံးပြု၍ လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် Splenda ဓာတုဗေဒသကြား၏ အာနိသင်ကိုတင်ပြခဲ့ကြခြင်းဖြစ်သည်။

တီဆဲလ်များသည် ရိုးတွင်းခြင်ဆီမှပေါ်ထွက်လာသည့် သွေးဆဲလ်များဖြစ်ကြပြီး ဗိုင်းရပ်နှင့် အခြားရောဂါများ ဝင်ရောက်နေသည့် လူ့ကိုယ်တွင်းဆဲလ်များကို ဖျက်ဆီးပေးသော ခုခံအားစနစ်ဆဲလ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ်(၂၇) ပွဲကြိုသုံးသပ်ချက်များ

ML

**ဖီအိုရင်တီးနား Vs လက်ချီ**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၈း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**လက်ချီ ၁ – ၁ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | – | အိမ်(နိုင်) | ဧး(နိုင်) | ဧး(နိုင်) |
| လက်ချီ | – | အိမ်(ရှုံး) | ဧး(ရှုံး) | အိမ်(ရှုံး) |

ဖီအိုရင်တီးနားအသင်းဟာ နောက်ပိုင်းမှာ ခြေစွမ်းပိုင်းထက်မြက်လာတာကြောင့် အိမ်ကွင်းသုံးပွဲဆက်ရှုံးပွဲမရှိသေးဘဲ သွင်းဂိုး ခြောက်ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။လက်ချီအသင်းကတော့ ခံစစ်ပိုင်းအားနည်းနေတဲ့အပြင် တိုက်စစ်ကစားပုံလဲကျဆင်းနေတာကြောင့် ခြေစွမ်းကောင်းတဲ့ ဖီအိုရင်တီးနားအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၂ – ၁ လက်ချီ**

**အင်တာမီလန် Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၂၀-၃-၂၀၂၃ (နံနက် ၀၂း၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**ဂျူဗင်တပ် ၂ – ၀ အင်တာမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | – | အိမ်(နိုင်) | ဧး(ရှုံး) | ဧး(သရေ) |
| ဂျူဗင်တပ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဧး(နိုင်) |

အင်တာမီလန်အသင်းဟာ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့သလို အခုရာသီအသင်းကြီးတွေနဲ့တွေ့ချိန်မှာ ရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ ဂျူဗင်တပ်အသင်းအနေနဲ့ ခြေစွမ်းပိုင်းကောင်းနေပေမဲ့ အဓိက ကစားသမားတွေဒဏ်ရာရ ပွဲပယ်မှုတွေရှိနေသလို အဝေးကွင်း ခံစစ်ပိုင်းလဲ ကျဆင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှု ကောင်းနေတဲ့ အင်တာမီလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အင်တာမီလန် ၁ – ၀ ဂျူဗင်တပ်**

**လာဇီယို Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ရိုးမား ၀ – ၁ လာဇီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | – | အိမ်(ရှုံး) | ဧး(သရေ) | ဧး(ရှုံး) |
| ရိုးမား | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဧး(သရေ) |

လာဇီယိုအသင်းဟာ ဥရောပပြိုင်ပွဲကထွက်ခွာခဲ့ရတာကြောင့် အမှတ်ပေးပွဲကိုသာ အာရုံစိုက်ရမှာဖြစ်သလို အမှတ်ပေးပြိုင်ပွဲမှာတော့ အိမ်ကွင်းကစားပုံထက်မြက်မှုရှိတာကို တွေ့ရမှာပါ။ ရိုးမားအသင်းကတော့ အဝေးကွင်းတိုက်စစ်ကစားပုံ အားနည်းနေသလို လာဇီယိုကွင်းမှာ ကစားခဲ့တဲ့ နောက်ဆုံးခြောက်ပွဲမှာလဲ နိုင်ပွဲမရခဲ့ဘူး။ ဒါကြောင့် အိမ်ကွင်းရလဒ်ကောင်းရှာမဲ့ လာဇီယိုကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လာဇီယို ၁ – ၀ ရိုးမား**

### အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းနည်းပြ ဇာဗီက လာမည့်အပြောင်းအရွှေ့ကာလတွင် ယူရိုသန်း ၁၀၀နီးပါးသုံးစွဲ၍ ကစားသမားအင်အားဖြည့်တင်းရန် စီစဉ်နေကြောင်း သိရသည်။
- စပိုတင်းလစ္စဘွန်းအသင်းကို ရှုံးနိမ့်၍ ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် အာဆင်နယ်အသင်းအနေဖြင့် ခံစစ်ကစားသမား တိုမီယာဆုနှင့် ဆာလီဘာတို့ကို ဒဏ်ရာပြဿနာကြောင့် လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက ခံစစ်ကစားသမား ရာမို့စ်ကို တစ်နှစ်သက်တမ်းတိုးရန်ကမ်းလှမ်းခဲ့ရာ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

## ယူရို ၂၀၂၄ ခြေစစ်ပွဲကစားမည့် အင်္ဂလန်အသင်းလူစာရင်း နည်းပြဆောက်ဂိတ် ထုတ်ပြန်






**လန်ဒန် မတ် ၁၇**

ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် အီတလီ၊ ယူကရိန်းအသင်းတို့နှင့် ကစားရမည့် အင်္ဂလန်အသင်း လူစာရင်းကို နည်းပြဆောက်ဂိတ်က ထုတ်ပြန်ကြေညာခဲ့ရာ ခံစစ်ကစားသမား အာနိုးနှင့် တိုက်စစ်ကစားသမား စတားလင်းတို့ ချန်လှပ်ခံခဲ့ရကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ခြေစစ်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းသည် မတ် ၂၄ ရက်တွင် အီတလီအသင်းကိုအဝေးကွင်းတွင်လည်းကောင်း၊ မတ် ၂၆ ရက်တွင် ယူကရိန်းအသင်းကို အိမ်ကွင်းလည်းကောင်း ကစားရမည်ဖြစ်ပြီး နည်းပြဆောက်ဂိတ်က ကစားသမား ၂၅ ဦးစာရင်းကို ထုတ်ပြန်ခဲ့ရာ လီဗာပူးအသင်းမှ အာနိုးနှင့် ချဲလ်ဆီးအသင်းမှ စတားလင်းတို့ ပထမဆုံးအကြိမ် အသင်းလူစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။

နည်းပြဆောက်ဂိတ် ထုတ်ပြန်ခဲ့သည့် ကစားသမား ၂၅ ဦးစာရင်းတွင် ဂိုးသမားများအဖြစ် အဲဗာတန်အသင်းမှ ပစ်ဖို့ဒ်၊ နယူးကာဆယ်အသင်းမှ နစ်ပုပ်၊ အာဆင်နယ်အသင်းမှ အာရွန်ရမ်ဒေးလ်၊ ခံစစ်ကစားသမားများအဖြစ် ချဲလ်ဆီးအသင်းမှ ဘန်ချီဝဲလ်နှင့်ရီစီဂျိမ်း၊စပါးအသင်းမှ အဲရစ်ဒိုင်ယာ၊ ပဲလေ့စ်အသင်းမှ ဂူဟီ၊ မန်ယူအသင်းမှ မက်ဂွဲယားနှင့် လုခ်ရှော၊ မန်စီးတီးမှ ဂျွန်စတုန်းနှင့် ဝေါ်လ်ကာ၊နယူးကာဆယ်အသင်းမှ ထရစ်ပီးယားကွင်းလယ် ကစားသမားများအဖြစ် ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်၊ ချဲလ်ဆီးအသင်းမှ မေဆင်မောင့်နှင့် ဂယ်လာဟာ၊ လီဗာပူးအသင်းမှ ဟန်ဒါဆင်၊ လက်စတာအသင်းမှ မက်ဆီဒင်၊ မန်စီးတီးအသင်းမှ ကယ်ဗင်ဖီးလစ် ၊ ဝက်စ်ဟမ်းအသင်းမှ ဒီကလန်ရိုက်၊ တိုက်စစ်ကစားသမားများအဖြစ် မန်စီးတီးအသင်းမှ ဖီဖိုဒင်နှင့် ဂရီလစ်၊ စပါးအသင်းမှ ဟယ်ရီကိန်း၊ မန်ယူအသင်းမှ ရက်ရှ်ဖို့ဒ်၊ အာဆင်နယ်အသင်းမှ ဆာကာနှင့် ဘရန့်ဖို့ဒ်အသင်းမှ တိုနေးတို့ပါဝင်ခဲ့ကြသည်။

ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူး တိုနေးသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲပါဝင်ခဲ့ရာတွင် ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နည်းပြဆောက်ဂိတ်၏ အင်္ဂလန်အသင်းလူစာရင်း၌ ပထမဆုံးအကြိမ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ML

## နည်းပြပိုအဲရာကို ရာထူးမှထုတ်ပယ်ကြောင်း ပဲလေ့စ်အသင်း ထုတ်ပြန်ကြေညာ

**လန်ဒန် မတ် ၁၇**

ပဲလေ့စ်အသင်းသည် ယခုနှစ်အတွင်း ပြိုင်ပွဲစုံ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး ရလဒ်ပိုင်းဆိုးရွားလာမှုကြောင့် နည်းပြပိုအဲရာကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြပိုအဲရာသည် ယခုနှစ်ဘောလုံးရာသီတွင် ပဲလေ့စ်အသင်းအား အမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲတွင် ခြောက်ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၂ ပွဲရှုံး ရလဒ်သာရရှိခဲ့ပြီး ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၂) တွင်ရောက်ရှိနေကာ တန်းဆင်းဇုန်မှ ဘုန်းမောက်အသင်းနှင့် သုံးမှတ်သာကွာဟနေပြီး တန်းဆင်းဇုန်နှင့် နီးကပ်လာသောကြောင့် အသင်းတာဝန်ရှိသူများက ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယခုနှစ်အတွင်းကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၄ ပွဲ၌ ဘုန်းမောက်အသင်းကိုသာ အနိုင်ရရှိခဲ့သဖြင့် အသင်းဘုတ်အဖွဲ့က ဖေဖော်ဝါရီလကုန်ကတည်းက နည်းပြပိုအဲရာကို ရာထူးမှထုတ်ပယ်ရန် စီစဉ်နေသကဲ့သို့ ယခုလအတွင်း ကစားခဲ့သည့် အေဗီလာ၊ မန်စီးတီး၊ ဘရိုက်တန်အသင်းတို့ပွဲစဉ်တွင် သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည့်အပြင် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်၌သာ ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုပြုလုပ်နိုင်ခဲ့သောကြောင့် တန်းဆင်းဇုန်ဖိအားရှိလာချိန်တွင် အသင်းဘုတ်အဖွဲ့က နည်းပြပိုအဲရာနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နည်းပြပိုအဲရာနှင့်အတူ နည်းပြအဖွဲ့ဝင်များဖြစ်သည့် အိုစီယန်ရောဘတ်၊ ဝယ်လ်ဆန်၊ အီဂိုအမ်တို့သည်လည်း အသင်းမှ ထွက်ခွာခဲ့ပြီး အသင်းအနေဖြင့် လာမည့်တနင်္ဂနွေနေ့၌ အာဆင်နယ်အသင်းနှင့်ပွဲစဉ်အပြီး တန်းဆင်းဇုန်မှရုန်းထွက်ရန် ကြိုးပမ်းနေရသည့် လက်စတာ၊ ဆောက်သမ်တန်၊ အဲဗာတန်၊ ဝုဗ်၊ ဝက်စ်ဟမ်းအသင်းတို့နှင့် ပွဲကျပ်များ ကစားရမည်ဖြစ်သောကြောင့် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။ ML

## Indian Well Masters တင်းနစ်ပြိုင်ပွဲတွင် ဆိုရန်နာကိုအနိုင်ရခဲ့သည့် စဝီယာတက်ခ် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ကယ်လီဖိုးနီးယား မတ် ၁၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Well Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ရိုမေးနီးယားတင်းနစ်မယ် ဆိုရန်နာနှင့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၂၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး Indian Well Masters တင်းနစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ဒုတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်အောင်ပစ်မှတ်ထားလျက်ရှိသည်။

စဝီယာတက်ခ်က"ဆီမီးဖိုင်နယ်အဆင့်က ကျွန်မအတွက်ခက်ခဲမဲ့ပွဲစဉ်ပါ။ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာတုန်းက ရိုင်ဘာကီနာနဲ့ကစားခဲ့ဖူးပါတယ်။အဲ့ဒီတုန်းကကျွန်မ ရှုံးနိမ့်ခဲ့ပါတယ်။ သူဟာ ချန်ပီယံကို စိန်ခေါ်နိုင်တဲ့ကစားသမားတစ်ဦးဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ဒီပွဲစဉ်မှာ အကောင်းဆုံးပုံစံရနေဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ချန်ပီယံလက်စွမ်းပြသနိုင်ခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံးတွင် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ပြီး Indian Well Masters တင်းနစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကာ ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရိုင်ဘာကီနာသည် ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် မူချိုနာနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး (၇-၆၊ ၂-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်နှင့် ရိုင်ဘာကီနာတို့သည် ပြီးခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့်တွင် တွေ့ဆုံခဲ့ဖူးပြီး ရိုင်ဘာကီနာက အနိုင်ရရှိခဲ့ကြောင်း သိရသည်။ AZL



# မြန်မာ့လက်ရွေးစင်အသင်းနည်းပြသစ်အဖြစ် ဖိုက်တန်ဘိုင်နာကိုခန့်အပ်ခဲ့ပြီး သုံးနိုင်ငံခြေစမ်းပွဲစဉ်အတွက် ကစားသမားစာရင်းထုတ်ပြန်



**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လစ်လပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြရာထူးအတွက် ဂျာမနီနည်းပြ ဖိုက်တန်ဘိုင်နာကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီး သုံးနိုင်ငံဖိတ်ခေါ် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များအတွက် အပြီးသတ်ကစားသမားစာရင်းကိုပါ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြဟောင်း အန်တွန်နီဟေးတို့သည် ပြီးခဲ့သည့် မစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲအပြီးတွင် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီးနောက် နည်းပြနေရာလစ်လပ်နေပြီး ယခုအခါ ဂျာမနီလူမျိုးနည်းပြ ဖိုက်တန်ဘိုင်နာကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၃ နှစ်ရှိ နည်းပြ ဖိုက်တန်ဘိုင်နာသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၁၉၈၉ ခုနှစ်တွင် ဆွစ်ဇာလန်ကလပ် အိုးဘွိုင်းဘောဆယ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ဂျာမနီ၊ ဩစတြီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားကလပ်အသင်းများကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့သည့်အပြင် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ဂျာမနီလက်ရွေးစင်ယူ- ၁၅အသင်း၊ ယူ-၁၇အသင်းများကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် သုံးနိုင်ငံဖိတ်ခေါ် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များအဖြစ် မတ် ၂၂ ရက်တွင် အိန္ဒိယအသင်း၊ မတ် ၂၅ရက်တွင် ကာဂျစ်စတန်အသင်းတို့နှင့် အိန္ဒိယနိုင်ငံတွင်ကစားသွားမည်ဖြစ်ပြီးအဆိုပါပွဲစဉ်များအတွက် ကစားသမားစာရင်း ထုတ်ပြန်ကြေညာခဲ့ရာတွင် အောင်သူနှင့် မောင်မောင်လွင်တို့အပါအဝင် ပြည်ပတွင် သွားရောက်ကစားနေသည့် ကစားသမားများမှ ကိုးဦးထိ ပါဝင်လာခဲ့သည်။

အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်နှင့် ပြည့်ဖြိုးသူ၊ခံစစ်ကစားသမားနေရာ၌ ဟိန်းဖြိုးဝင်း၊ နန္ဒကျော်၊ဟိန်းသီဟဇော်၊ရဲမင်းသူ၊ ဌေမင်းခန့်၊သက်ဟိန်းစိုး၊ဟိန်းဇေယျာလင်း၊သီဟထက်အောင်၊ ကွင်းလယ်ကစားသမားနေရာ၌ ဝေလင်းအောင်၊ ရန်နိုင်ဦး၊ဇော်ဝင်းသိန်း၊ကျော်မင်းဦး၊ လင်းထက်စိုး၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ဟိန်းထက်အောင်၊ ငြိမ်းချမ်းအောင်၊ တိုက်စစ်ကစားသမားနေရာတွင် ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန်၊ သန်းပိုင်နှင့် အောင်သူတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ဂျီအက်ဖ်အေအသင်းက ISPE အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၁၇**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဂျီအက်ဖ်အေအသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီအက်ဖ်အေအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် လေးမိနစ်တွင်သန်းတိုးအောင်က ဂျီအက်ဖ်အေအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်၌ ဝင်းပြည့်မောင်က ISPE အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီး တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံးတိုက်စစ်မြင့်ကစားခဲ့မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် ဟိန်းသက်ဖြိုးက ဂျီအက်ဖ်အေအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ISPEအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ဂိုးသွင်းခွင့်အချို့ရရှိခဲ့သကဲ့သို့ ဂျီအက်ဖ်အေအသင်းကလည်း နောက်ထပ် အနိုင်ဂိုးများအတွက် ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းမသေချာမှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် ဂျီအက်ဖ်အေအသင်းက ISPE အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# တရုတ်နိုင်ငံချစ်ကြည်ရေးခြေစမ်းပွဲတွင် မြန်မာအမျိုးသမီးအသင်းက ကမ္ဘောဒီးယားအမျိုးသမီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် မတ် ၁၇**

တရုတ်နိုင်ငံတွင် လေ့ကျင့်ရေးခရီးစဉ်ရောက်ရှိနေသည့် မြန်မာအမျိုးသမီးအသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ ကူမင်းမြို့တွင် ဒေသတွင်းပြိုင်ဘက် ကမ္ဘောဒီးယားအမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲကစားခဲ့ရာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက မြန်မာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် ရွှေပါခိုင်ကလည်းကောင်း၊ ပွဲချိန် ၃၅ မိနစ်တွင် ခင်မာလာထွန်းကလည်းကောင်း၊ ပွဲချိန် ၄၃ မိနစ်တွင် ရွှေရီထွန်းကလည်းကောင်း မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများအသီးသီးသွင်းယူနိုင်ခဲ့ကာ ပထမပိုင်းအပြီးတွင် မြန်မာအမျိုးသမီးအသင်းက သုံးဂိုးပြတ်ဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ကမ္ဘောဒီးယားအမျိုးသမီးအသင်းအနေဖြင့် မြန်မာအမျိုးသမီးအသင်း၏တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရပြီး ပွဲချိန် ၆၇ မိနစ်တွင် ခင်မာလာထွန်းကပင် မြန်မာအမျိုးသမီးအသင်းအတွက် စတုတ္ထမြောက် ဦးဆောင်ဂိုးကိုသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်၌ မြန်မာအမျိုးသမီးအသင်းက ကမ္ဘောဒီးယားအမျိုးသမီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၂၄ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် တရုတ်နိုင်ငံတွင် လေ့ကျင့်ခန်းများ သွားရောက်လုပ်ဆောင်လျက်ရှိနေပြီး လေ့ကျင့်ရေးခရီးစဉ်အတွင်းမတ် ၁၉ ရက်တွင် Sichuan FC အသင်းနှင့်လည်းကောင်း၊ မတ် ၂၂ ရက်တွင် Changchun FC အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲစဉ်များ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## စပိန်လာလီဂါ ပွဲစဉ် (၂၆) ပွဲကြိုသုံးသပ်ချက်

STA

**ဆိုစီဒက် Vs အယ်ချီ**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်ချီ ၀ - ၁ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |
| အယ်ချီ | - | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

ဆိုစီဒက်အသင်းက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသေးလို့ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိအောင် ကြိုးစားလာမှာပါ။ အယ်ချီအသင်းကလဲ တန်းဆင်းဇုန်ထဲရောက်နေလို့ ရုန်းကန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆိုစီဒက်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆိုစီဒက် ၂ - ၀ အယ်ချီ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

STA

**ယူနီယံဘာလင် Vs ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၂ - ၀ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(ရှုံး) |
| ဖရန့်ဖတ် | - | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ယူနီယံဘာလင်အသင်းဟာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဖရန့်ဖတ်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေပြီး ရုန်းကန်နေရပါတယ်။ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ယူနီယံဘာလင်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ယူနီယံဘာလင် ၃ - ၂ ဖရန့်ဖတ်**

**လေဗာကူဆင် Vs ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၄ - ၀ လေဗာကူဆင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဘိုင်ယန်မြူးနစ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

လေဗာကူဆင်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်ပြီး ရလဒ်ကောင်းတွေရရှိနေတယ်ဆိုပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲမှာပါ။လက်ရှိဘိုင်ယန်မြူးနစ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၁ - ၃ ဘိုင်ယန်မြူးနစ်**

## ပြင်သစ်လီဂူး ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

STA

**ပီအက်စ်ဂျီ Vs ရင်းနက်**

**ကစားမည့်ရက်/အချိန် ၁၉-၃-၂၀၂၃ (ည ၁၀:၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရင်းနက် ၁ - ၀ ပီအက်စ်ဂျီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ရင်းနက် | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |

ရင်းနက်အသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အသင်းတစ်သင်းဆိုပေမဲ့ ပီအက်စ်ဂျီအသင်းကို အဝေးကွင်းမှာ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက်တော့ခက်ခဲမှာပါ။ လက်ရှိပီအက်စ်ဂျီအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ရင်းနက်အသင်းကို အိမ်ကွင်းမှာအနိုင်ရယူဖို့ခက်ခဲမှာ မဟုတ်ပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၃ - ၁ ရင်းနက်**

# ကလေးငယ်များကို အနားယူခွင့်ပေးရမည့် နွေရာသီကျောင်းပိတ်ရက်ကာလ




လက်ရှိအချိန်တွင် အခြေခံပညာကျောင်းများမှ ကလေးအားလုံးသည် အတန်းတင်စာမေးပွဲဖြေဆိုပြီး သွားပြီဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်ကာလ စနေပြီဖြစ်သည်။ မိဘများလည်း ကျောင်းနှင့်ကျူရှင်ကြို၊ ပို့ လုပ်ရသည့်ဒုက္ခမှ အခိုက်အတန့်တော့ နားရပြီဖြစ်သည်။ သို့သော် ကလေးအားလုံးသည် နွေရာသီကျောင်းပိတ်ရက်တွင် အနားရကြမည်မဟုတ်ချေ။ အချို့သောမိဘများက လာမည့်ပညာသင်နှစ်အတွက် နွေရာသီ သုံးလပြတ်သင်တန်းများ ကြိုတင်ချိတ်ထားပြီးဖြစ်သည်။ မိဘများ၏လွန်ကဲသောအတ္တနှင့် လောဘတို့ကြောင့် အချို့သောကလေးများသည် ကစားချိန်၊ နားချိန်မရှိသော လူသားစက်ရုပ်ကလေးများဖြစ်လာကြသည်။ စိတ်မကောင်းဖွယ်ရာပင်ဖြစ်သည်။

**အခိုက်အတန့်အနားပေးသင့်**

စင်စစ်အားဖြင့် မိဘများအနေဖြင့် အတန်းတင်စာမေးပွဲများဖြေဆိုပြီးချိန်တွင် ကလေးများကို ကာလတစ်ခုထိ အနားပေးသင့်သည်။ ကလေးများသည် ပညာသင်နှစ်စကတည်းက ကျောင်း၊ ကျူရှင်နှင့်ဝိုင်းများ ဆက်တိုက်တက်ခဲ့ရသည်။ ညဘက်တွင်လည်း မနားခဲ့ရပေ။ သီတင်းကျွတ်နှင့်ဒီဇင်ဘာ ကျောင်းပိတ်ရက်တွင်လည်း ကျူရှင်နှင့်စာကျက်ဝိုင်းများသို့ သွားခဲ့ရသည်။ ဆိုရလျှင် တစ်နှစ်ပတ်လုံး စိတ်ပင်ပန်း၊ လူပင်ပန်း ဖြတ်သန်းခဲ့ကြရသည်။ ထို့ကြောင့် အတန်းတင်စာမေးပွဲကြီးဖြေဆိုပြီးချိန်တွင် တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် အပြည့်အဝ အနားပေးသင့်သည်။ ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ခွင့်ပြုခြင်း၊ ဂိမ်းကစားခြင်း၊ သူငယ်ချင်းများနှင့် စုဖွဲ့ကစားခြင်းအပါအဝင် နှစ်သက်သည့်အပန်းဖြေပုံစံမျိုးကို ခွင့်ပြုပေးသင့်သည်။ စိတ်ထွက်ပေါက်ပေးထားသင့်သည်။ အလွန်အကျွံ မဖြစ်အောင် မိဘအုပ်ထိန်းသူများက ကြီးကြပ်ပေးထားလျှင် ရပါသည်။

**အပန်းဖြေစရီးပို့သင့်**

ဝင်ငွေအပေါ် မူတည်၍ အခါအားလျော်စွာ အပန်းဖြေခရီး ထွက်သင့်သည်။ မိသားစုလိုက် အပန်းဖြေခရီးထွက်ခြင်းသည် အကျိုးများစွာရရှိစေသည်။ အထူးသဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကလေးများကို တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပို့ပေးခြင်းအပါအဝင် အခြားသောအထင်ကရနေရာများသို့ အပန်းဖြေခရီးများ ပို့ပေးသင့်သည်။ ထိုသို့ပို့ပေးခြင်းအားဖြင့် ဘုရားကျောင်းကန်များ၊ အထင်ကရနေရာများ၏ သမိုင်းကြောင်းများကို လေ့လာသိရှိခွင့်ရရှိစေမည်ဖြစ်သည်။ သာဓကအနေဖြင့် ပုဂံသို့ဘုရားဖူးပို့ပေးမည်ဆိုလျှင် ရှေးမြန်မာမင်းဆက်များ၏သမိုင်းကြောင်းကို လေ့လာခွင့်ရရှိစေမည်ဖြစ်သည်။ ရှေးမြန်မာများ၏ စိတ်နေစိတ်ထားကို မှန်းဆနိုင်မည်ဖြစ်သည်။ အလားတူ မြနန်းစံကျော်ရွှေနန်းတော်နှင့် ကမ္ဘောဇသာဒီနန်းတော်များသို့လည်း ပို့ပေးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ နွေရာသီတွင် အပန်းဖြေခရီးသွားခြင်းသည် ကလေးငယ်များအတွက် တန်ဖိုးမဖြတ်နိုင်သောအကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

**အဘိုး၊ အဘွားများထံ ပို့ပေးသင့်**

အချို့သောကလေးများသည် မွေးကတည်းက အဘိုး၊ အဘွားများ၊ ဆွေမျိုးများကို မမြင်ဖူးကြပေ။ အချို့သောကလေးများသည် အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်နေရသော မိဘများ၊ စီးပွားရေးလုပ်ကိုင်နေရသော မိဘများနှင့်အတူ မြို့ပြများတွင် လိုက်ပါနေထိုင်ကြရသည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်များတွင် အဘိုး၊ အဘွားများ၊ ဆွေမျိုးများရှိရာ ကျေးလက်ဒေသများသို့ ပို့ပေးသင့်သည်။ ထိုသို့ ပို့ပေးခြင်းအားဖြင့် အဘိုး၊ အဘွား၊ ဆွေမျိုးများနှင့်ရင်းနှီးမှုရရှိခြင်း၊ အဘိုး၊ အဘွားများကို ကန်တော့ခွင့်ရရှိခြင်း၊ အဘိုး၊ အဘွားများ၏မေတ္တာကို ရရှိစေခြင်းတို့အပြင် ကျေးလက်ဗဟုသုတများကိုပါ ရရှိစေသည်။ အထူးသဖြင့် ကလေးများသည်ခရီးသွားရသဖြင့် စိတ်ရွှင်လန်း တက်ကြွနေမည်ဖြစ်သည်။ တစ်နှစ်လုံး စာများနှင့် လုံးပန်းခဲ့ရသောစိတ်နှင့်ကိုယ်သည် ပြန်လည်ရွှင်လန်းတက်ကြွလာမည်ဖြစ်သည်။

**ကုသိုလ်ပြုခွင့်ပေးသင့်**

လူ့အဖြစ်သည်ရခဲလှသည်။ ထိုသို့ရခဲလှသော လူ့ဘဝတွင် မြတ်ဗုဒ္ဓ၏ သားတော်၊ သမီးတော်ဖြစ်ခွင့်ရမည်ဆိုလျှင် ပို၍အကျိုးထူးရရှိစေမည်ဖြစ်သည်။ အချို့သောလူငယ်များသည် နွေရာသီကျောင်းပိတ်ရက်တွင် တရားရိပ်သာဝင်လိုကြသည်။ ကိုရင်၊ မယ်သီလဝတ်လိုကြသည်။ မိဘများက ပါရမီဖြည့်ပေးသင့်သည်။ နွေရာသီကျောင်းပိတ်ရက်တွင် တစ်ပတ်၊ ၁၀ ရက်ခန့် တရားရိပ်သာဝင်ခွင့်ပြုမည်ဆိုလျှင်၊ ကိုရင်၊ မယ်သီလဝတ်ခွင့်ပြုပေးမည်ဆိုလျှင် ကလေးများသည် မြတ်ဗုဒ္ဓ၏တရားတော်များကို နာယူကျင့်ကြံခွင့် ရရှိကြမည်ဖြစ်သဖြင့် ကုသိုလ်အထူးရရှိကြမည်ဖြစ်သည်။

**အပြည့်အဝနားခွင့်ရ**

စာရေးသူတို့သည် ငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်ကာလတွင် ယာခင်းစောင့်ခဲ့ရသည်။ နံနက်မိုးလင်းသည်နှင့် ထမင်းချိုင့်နှင့်ယာထဲသို့ သွားရသည်။ အသီးအနှံများကို တိရစ္ဆာန်များနှင့်သူခိုးများ၏ အန္တရာယ်မှကာကွယ်ရန်ဖြစ်သည်။ ထိုစဉ်က ယာခင်းစောင့်ရင်း နေ့ခင်းဘက်တွင် သစ်ပင်ရိပ်အောက်၌ စာဖတ်ခွင့်ရခဲ့သည်။ ဆီးသီးကောက်စားရင်း သူငယ်ချင်းများနှင့် ကစားခွင့်ရခဲ့သည်။ ရွှံ့ရုပ်ကလေးများ လုပ်ခွင့်ရခဲ့ကြသည်။ ငှက်ပစ်ထွက်ခဲ့ကြသည်။ ငါးများ ထွက်ခဲ့ကြသည်။ ဧရာဝတီမြစ်ထဲတွင် ရေကူးခဲ့ကြသည်။ မည်သည့်သင်တန်းမှလည်း မတက်ခဲ့ရပေ။ သင်္ကြန်ကာလတွင် မိဘ၊ဘိုးဘွားများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လိုက်ပါကုသိုလ်ပြုခွင့်ရခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်ကာလသည် ပျော်ရွှင်စရာကောင်းလှသည်။ မျက်မှောက်ခေတ်လူငယ်များသည် နွေရာသီတွင် သင်တန်းပေါင်းစုံတက်နေရသောကြောင့် ထိုခံစားချက်မျိုး မရရှိနိုင်ကြတော့ပေ။ ပြိုင်ဆိုင်မှုပြင်းထန်သော ခေတ်ကာလတွင် ကလေးများသည် အနားမရကြတော့ပေ။ သနားစရာကောင်းလှသည်။

**လောဘကြီးသောမိဘများ**

မိဘတိုင်းသည် မိမိ၏ သား၊ သမီးများကို တော်စေချင်၊ တတ်စေချင်ကြသည်။ ကြီးပွားတိုးတက်စေလိုကြသည်။ ပညာတတ်ကြီးများ ဖြစ်စေလိုကြသည်။ သို့သော် အချို့သောမိဘများသည် လောဘကြီးလွန်းလှသည်။ မိမိသား၊ သမီးများကို စက်ရုပ်ကဲ့သို့သဘောထားကြသည်။ ပုံစံခွက်ထဲတွင် ထည့်ထားကြသည်။ မနိုင်သောဝန်များကို ထမ်းခိုင်းကြသည်။ ကျောင်းစာမှလွဲ၍ ပြင်ပလောကနှင့် ထိတွေ့ခွင့်ပေးမထားကြပေ။ ဆိုလိုသည်မှာ သူငယ်ချင်းများနှင့်ကစားခွင့်၊ အပြင်ထွက်ခွင့်မပေးကြပေ။ ထိုသို့လောဘကြီးသော မိဘများ၏လက်တွင် ကြီးပြင်းရသည့်ကလေးများသည် မျက်မှန်ထူကြီးများတပ်ထားပြီး ခံစားမှုကင်းမဲ့နေသည့် စက်ရုပ်များနှင့် တူလာကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ အမှန်စင်စစ်မှာမူ မိဘအုပ်ထိန်းသူများသည် မိမိအတ္တနှင့်လောဘကိုသာ ရှေ့တန်းတင်ထားပြီး တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်နေကြခြင်းဖြစ်သည်။ ကလေးငယ်များသည် မြေစာပင်ဖြစ်နေကြရသည်။ ထို့ကြောင့် မိဘများအနေဖြင့် နေရာတကာတွင် မိမိတို့၏ အတ္တနှင့်လောဘကို ရှေ့တန်းမတင်သင့်ပေ။ ကလေးငယ်များကို နွေရာသီတွင်ထိုက်သင့်သလောက် အနားပေးသွားသင့်သည်။

**သင်ခန်းစာယူသင့်**

အာရှတွင် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် ကလေးငယ်များသည် စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်သဖြင့် မိမိကိုယ်ကို သေကြောင်းကြံလေ့ရှိကြသည်။ ဆယ်ကျော်သက်အရွယ်ဦးရေ ၇၀ ခန့်သည် နေ့စဉ် မိမိကိုယ်ကို သေကြောင်းကြံစည်လျက်ရှိသည်ဟုဆိုသည်။ ထိုသို့ မိမိကိုယ်ကိုသေကြောင်းကြံစည်ရသည့် အဓိကအကြောင်းရင်းသည် ကျောင်းပညာရေးနှင့် ဆက်စပ်လျက်ရှိသည်ဟုဆိုသည်။ ကလေးငယ်များသည် ပညာရေးနှင့်ပတ်သက်၍ အိမ်တွင် မိဘများ၏ ဖိအားပေးမှုများရှိနေသလို ကျောင်းတွင်လည်း သူငယ်ချင်းများ၏ အနိုင်ကျင့်မှုများရှိနေသည်ဟုဆိုသည်။ အကျိုးဆက်အနေဖြင့် စိတ်ဖိစီးမှုဒဏ် မခံနိုင်သော ဂျပန်ကလေးများသည် လွဲမှားသောနည်းလမ်းဖြင့် ထွက်ပေါက်ရှာသွားကြသည်။ ထို့ကြောင့် မိဘများအနေဖြင့် သင်ခန်းစာယူသင့်သည်။

**နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကလေးငယ်များကို အနားယူခွင့်ပေးစေလို**

အမှန်စင်စစ်မှာမူ ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက်တွင် အားပါးတရနားပြီး ကစားမည်ဟု အားခဲထားကြမည်ဖြစ်သည်။ သို့သော် ခေတ်ကာလ အခြေအနေအရ လက်တွေ့တွင်မူ ကလေးငယ်များ ကစားခွင့်နှင့်အနားယူခွင့် အပြည့်အဝရရှိကြလိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား မိဘများသည် ကလေးငယ်များကို နွေရာသီတွင် သုံးလပြတ်ကျူရှင်နှင့် သင်တန်းပေါင်းစုံတက်ခိုင်းရန် အပြိုင်အဆိုင်စုံစမ်းထားကြပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ နွေရာသီကျောင်းပိတ်ရက်တွင် ကလေးငယ်များကို အတန်အသင့် အနားပေးပြီးမှသာ သူတို့စိတ်ပါဝင်စားသည့် သင်တန်းတစ်ခုခုကိုတက်ခိုင်းသင့်သည်။ သင်တန်းပေါင်းစုံကို တစ်ခုပြီးတစ်ခု ဆက်တိုက်တက်ခိုင်းခြင်းသည် တိုးတက်မှုမရှိသည့်အပြင်ကလေးများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။ မိဘအုပ်ထိန်းသူများ၏ အတ္တနှင့်လောဘသည် ကလေးငယ်များအတွက် စိတ်ဖိစီးမှုကိုသာဖြစ်ပေါ်စေနိုင်သည်။

ယခုဆိုလျှင် ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက် ခံစားနေကြပြီဖြစ်သည်။ ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက်တွင် အပြည့်အဝနားကာ စိတ်လက်ပေါ့ပါးစွာ ကစားချင်ကြမည်ဖြစ်သည်။ အပြည့်အဝအနားယူခွင့်နှင့် ကစားခွင့် ရ၊ မရသည် မိဘအုပ်ထိန်းသူများအပေါ်တွင် မူတည်နေမည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများသည် နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများကို ကစားခွင့်ပေးခြင်း၊ အပန်းဖြေခရီး ပို့ပေးခြင်းတို့ ပြုလုပ်ပေးသင့်သည်။

အထူးသဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများကို အနားပေးပြီးမှသာ သင်တန်းများတက်ခိုင်းသင့်သည်။ အချို့သောမိဘများသည် မိမိအတ္တနှင့်လောဘကို ရှေ့တန်းတင်လျက် ကလေးများကိုအနားမပေးဘဲ သင်တန်းတစ်ခုပြီးတစ်ခု တက်ခိုင်းလေ့ရှိကြသည်။ အမှန်စင်စစ်မှာမူ ကလေးများသည် တစ်နှစ်ပတ်လုံး ကျောင်း၊ ကျူရှင်၊ ဝိုင်းများတက်ခဲ့ရသဖြင့် စိတ်ရောကိုယ်ပါ ပင်ပန်းနေကြပြီဖြစ်သည်။ ထိုအချိန်မျိုးတွင် ထိုက်သင့်သောအနားယူခွင့်၊ ကစားခွင့်နှင့် အပန်းဖြေခွင့်ပေးထားသင့်သည်။ သို့မှသာလျှင် စိတ်ရောကိုယ်ပါ ပြန်လည်လန်းဆန်းလာစေမည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း ကလေးငယ်များကို အပြည့်အဝအနားမပေးသည့်တိုင်အောင် အခိုက်အတန့် အနားယူခွင့်၊ ကစားခွင့်နှင့် စိတ်အပန်းဖြေခွင့် ပေးသွားစေချင်ပါသည်။

**မောင်စိန်အိ (နဘဲမြေ)**

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ZEC Art Gallery တွင် No Name အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ZEC Art Gallery တွင် No Name အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ZEC Art Gallery မှ ပြခန်းတာဝန်ခံ ဦးဇော်ဇော်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ No Name အွန်လိုင်းပန်းချီပြပွဲကို မတ် ၂၀ ရက်မှ မတ် ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ပြီး လူငယ်မျက်နှာသစ်ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီအောင်သက်ခိုင်၊ ပန်းချီ ဝင်းကိုဦး၊ ပန်းချီ အောင်ဖြိုး၊ ပန်းချီ ဟန်နီတင်၊ ပန်းချီ သက်စမ်းရေ၊ ပန်းချီ သဲသဲတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ ခဲခြစ် စသည့် အမျိုးအစားစုံလင်သော ပန်းချီကား ၃၀ ကို ပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါပန်းချီကားများကို အွန်လိုင်းပေါ်တွင်သာမက ရုံးချိန်အတွင်း ပြခန်းသို့ လူကိုယ်တိုင်လာရောက်ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခုတစ်ခေါက်ကတော့ ရန်ကုန်နဲ့ မန္တလေးယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်က ကျောင်းဆင်းထားတဲ့ မျက်နှာသစ်ပန်းချီဆရာ ခြောက်ယောက်ရဲ့ လက်ရာတွေကို ပန်းချီချစ်သူတွေ အကဲဖြတ်နိုင်အောင် ဒီပြပွဲမှာ ပြသပေးတာဖြစ်ပါတယ်။ လူငယ်မျက်နှာသစ်တွေဆိုပေမဲ့ ယဉ်ကျေးမှုကျောင်းဆင်းတွေပီပီ လက်ရာနဲ့ အတွေးအခေါ်တွေက လက်ရှိနာမည်ကျော် ပန်းချီဆရာတွေရဲ့ လက်ရာတွေနဲ့ သိပ်မကွာလှပါဘူး"ဟု ပြခန်းတာဝန်ခံ ဦးဇော်ဇော်အောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် နှစ်သိန်းမှ ငွေကျပ် ရှစ်သိန်းထိ ရှိကြောင်း သိရသည်။ ASH

# The Movie Critic ဇာတ်ကားအတွက် ဒါရိုက်တာ ကွင်တင်တာရန်တီနို ပြင်ဆင်နေ

**နယူးယောက် မတ် ၁၇**

ကမ္ဘာကျော်ဒါရိုက်တာ ကွင်တင်တာရန်တီနိုသည် ၎င်း၏ ၁၀ ကားမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် The Movie Critic အမည်ရှိဇာတ်ကားအတွက် စတင်ပြင်ဆင်နေပြီဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။


The Movie Critic သည် ဒါရိုက်တာ ကွင်တင်တာရန်တီနို ဒါရိုက်တာအဖြစ် နောက်ဆုံးရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

မိမိရိုက်ကူးမည့် ၁၀ ကားမြောက် ရုပ်ရှင်ဇာတ်ကားသည် မိမိ၏ ဒါရိုက်တာဘဝနောက်ဆုံးရုပ်ရှင်ကားဖြစ်လိမ့်မည်ဖြစ်ကြောင်း ကွင်တင်တာရန်တီနိုက ရှေးယခင်ကပင် ပြောကြားထားပြီးဖြစ်သည်။

လက်ရှိတွင် The Movie Critic ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ကွင်တင်တာရန်တီနိုက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားကို ၁၉၇၀ ပြည့်နှစ် လော့စ်အိန်ဂျလိစ်မြို့တော်ကို နောက်ခံထားရိုက်ကူးမည်ဖြစ်ပြီး အမျိုးသမီးဇာတ်ကောင်တစ်ဦးက ဦးဆောင်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရိုက်ကူးရန် ဒါရိုက်တာ ကွင်တင်တာရန်တီနိုက ရည်ရွယ်ထားကြောင်း သိရသည်။

KKO



# ရင်ထဲကြွေတဲ့ကြယ် ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဟု သရုပ်ဆောင် ပန်းရောင်ခြယ် ပြော



**ရန်ကုန် မတ် ၁၇**

ရင်ထဲကြွေတဲ့ကြယ် အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို CANAL+ ရုပ်သံလိုင်းမှ ယခုနှစ် နိုဝင်ဘာလမှ စတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြ၍ သိရသည်။

CANAL+ MYANMAR က စီစဉ်ရိုက်ကူးသည့် ရင်ထဲကြွေတဲ့ကြယ် ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် မတ်လဒုတိယပတ်မှ စတင်ရိုက်ကူးနေပြီဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲ၏ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာမှာ ဒါရိုက်တာ ဝင်းလွင်ထက်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အပိုင်း (၇၀) လောက်ထိသွားမယ်လို့ သိရပါတယ်။ ဇာတ်လမ်းကတော့ ဒရာမာဆိုပေမဲ့ အလှည့်အပတ်တွေ၊ လျှို့ဝှက်ဆန်းကြယ်တွေနဲ့ ရသအစုံပါပါလိမ့်မယ်"ဟု သရုပ်ဆောင် ပန်းရောင်ခြယ်က ပြောပြသည်။

ရင်ထဲကြွေတဲ့ကြယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အလင်းရောင်၊ ပန်းရောင်ခြယ်၊ ပိုးမမှီသာနှင့် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များက အားဖြည့်ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Superman:Legacy ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက ရိုက်ကူးမည်

**နယူးယောက် မတ် ၁၇**


ဝါနာဘရားသားကုမ္ပဏီနှင့် DC Studios တို့အတွက် Superman:Legacy ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က မတ် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Superman:Legacy ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိမ်းဂန်းက ရေးသားပေးမည်ဖြစ်ကြောင်း ဝါနာဘရားသားကုမ္ပဏီက ယခင်က ကြေညာထားသည်။

သို့ရာတွင် လက်ရှိ Superman:Legacy ဇာတ်ကားကို ရိုက်ကူးပေးရေးအတွက် ဝါနာဘရားသားကုမ္ပဏီက ဒါရိုက်တာ ဂျိမ်းဂန်းကို တရားဝင် ခေါ်ယူထားကြောင်း၊ အဆိုပါဇာတ်ကား၌ အဓိကဇာတ်ကောင်ဖြစ်သည့် Superman ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်ကိုမူ ရွေးချယ်ရသေးခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# ရန်ကင်းမြို့နယ်ရှိ ပညာမြေကျောင်းတိုက်မှ သံဃာတော်များအား အဆိုတော် မေခလာက ဆွမ်းဆက်ကပ်ပြီး နဝကမ္မအလှူငွေ လှူဒါန်း

**ရန်ကုန် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ပညာမြေကျောင်းတိုက်မှ သံဃာတော်များအား မိခင်ကြီး၏ အသက် ၉၀ ပြည့် မွေးနေ့အလှူအဖြစ် အဆိုတော် မေခလာက ဆွမ်းဆက်ကပ်ပြီး နဝကမ္မအလှူငွေ လှူဒါန်းခြင်းကို မတ် ၁၆ ရက်က နေအိမ်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုတော် မေခလာက ပြောပြ၍ သိရသည်။

အဆိုတော် မေခလာမိသားစုက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ နေအိမ်တွင် မိခင်ဖြစ်သူ ဒေါ်ဖြူဖြူရိုန်၏ အသက် ၉၀ ပြည့် မွေးနေ့အလှူအဖြစ် ပညာမြေကျောင်းတိုက်မှ သံဃာတော်ငါးပါးအား ထောပတ်ဆွမ်းထမင်းနှင့် ကြက်သားဟင်းလျာတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ပညာမြေကျောင်းတိုက်အတွက် နဝကမ္မအလှူငွေကျပ်သုံးသိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"မိခင်ကြီး ဒေါ်ဖြူဖြူရိုန်ရဲ့ အသက် ၉၀ ပြည့် မွေးနေ့အလှူအနေနဲ့ ပညာမြေကျောင်းတိုက်က သံဃာတော်ငါးပါးကို ပင့်ဖိတ်ပြီး နေအိမ်မှာ ဆွမ်းကပ်လှူခဲ့ပါတယ်။ ကျောင်းတိုက်အတွက် နဝကမ္မအလှူငွေကျပ် သုံးသိန်းကိုလဲ လှူဒါန်းခဲ့ပါတယ်"ဟု အဆိုတော် မေခလာက ပြောပြသည်။

အဆိုတော် မေခလာ၏ မိခင်ကြီး ဒေါ်ဖြူဖြူရိုန်သည် ၁၉၄၉ ခုနှစ်တွင် မယ်ဇမာဘွဲ့ကိုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မယ်တက္ကသိုလ်ဘွဲ့နှင့် မယ်ဒဂုံဘွဲ့တို့ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သူဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends opening ceremony of 58th Myanma Gems Emporium 2023





Senior General Min Aung Hlaing watches the documentary video on sale and production of Myanmar peals, gems and preparations for the emporium.

**Nay Pyi Taw March 17**

The opening ceremony of 58th Myanma Gems Emporium 2023 was held at Mani Yadana Jade Hall in Nay Pyi Taw this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Soe Htut, Lt-Gen Yar Pyae, U Maung Ko, U Shwe Kyein, Union ministers, Union level officials, the Nay Pyi Taw Council chairman, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, departmental officials, officials of Myanmar Gems and Jewellery Entrepreneurs Association, honoured guests and local and foreign gem merchants.

First, the Senior General and attendees watched a documentary video on sale and production of Myanmar peals, gems and preparations for the emporium.

They were then conducted round the jade, gem and pearl lots displayed at the Mani Yandana Jade Hall for sale at the emporium by officials. The Senior General gave guidance.

The Senior General and party visited the showrooms where private-owned polished gems are sold and observed a 35-ton jade boulder mined by Metlinchaun joint-venture (2) at Lonkin/Hpakant gem land and raw jade lots displayed outside the hall.

Myanmar has been holding gems emporiums since 1964 to sell the mined gems with the goal of earning foreign exchange and benefitting the citizens. The current exhibition will sell 295 pearl lots, 120 gem lots and 2150 jade lots to local and foreign gem merchants under open tender system in accord with the rules. The floor price of pearl lots is fixed in USD, foreign merchants can buy them in USD, Euro, Yuan and Baht and local merchants in kyat equivalent to prevailing USD price. The floor price of gem and jade lots is fixed in Euro, foreign merchants can buy them in USD, Euro, Yuan and Baht and local merchants in kyat equivalent to Euro. Local and foreign merchants can buy jade lots that will be sold only in foreign exchange in USD, Euro, Yuan and Baht. Local merchants can buy jade lots that will be sold in FE or Kyat in Kyat equivalent to Euro and foreign, merchants in Euro or USD or Yuan or Baht equivalent to Euro. The emporium will use the open tender system as per the rules. The emporium started today and continues till 23 March. 100



Senior General Min Aung Hlaing views a display of pearl lots.



Senior General Min Aung Hlaing observes a 35-ton jade boulder.



Senior General Min Aung Hlaing observes a jade stone.

# Over 290 general cargo ships arrived in Myanmar, nearly 3 million tons of cargoes handled till February this FY


Cargo ships moored at Yangon international port.

**Nay Pyi Taw March 17**

More than 290 general cargo ships arrived in Myanmar and over 3 million tons of general cargoes were handled till February of the current 2022-2023 financial year, according to Myanma Port Authority.

International vessels entering the country include ships, general cargo ships and tankers. From April 2022 to February 2023, 296 general cargo ships arrived and over 2.986 million tons of cargoes were handled.

There were 42 general cargo ships with 0.425 million tons of cargoes in April, 28 ships with over 0.304 million tons of cagoes in May, 27 ships with 0.344 million tons of cargoes in June, 26 ships with 0.227 million tons of cargoes in July, 16 ships with 0.178 million tons of cargoes in August, 15 ships with 0.222 million tons of cargoes in September, 29 ships with 0.311 million tons of cargoes in October, 35 ships with 0.358 million tons of cargoes in November and 28 ships with 0.226 million tons of cargoes in December in 2022 and 27 ships with 0.232 million tons of cargoes in January and 23 ships with 0.159 million tons of cargoes in 2023 totalling 296 ships with over 2.986 million tons of cargoes. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Yangon Region to set up 10 acres of mangrove forests in Dala Township in monsoon of 2023

**Yangon March 17**

The Ministry of Natural Resources and Environmental Conservation stated that arrangements are being made to set up 10 acres of mangrove forests in Dala Township of Yangon Region in the monsoon of 2023.

The Forest Department under the ministry cultivates mangrove forests on Thamada beach of Dala Township in fiscal years. Now, a new plan will be implemented to grow 10 acres of mangrove plantations on Thamada beach in Dala Township.

Mangrove forests are green walls for the people against natural disasters as well as absorb carbon dioxide for the interests of the people, contributing to the improvement of socio-economic life of the people.

Hence, mangrove forests are being established as protected public forests in Yangn Region for ensuring long term existence of marine creatures.


Mangrove trees planted.

There are 15 reserved forests, three protected public forests and one natural conservation area, 10.43 per cent of the forest area of Yangon Region.

Moreover, the authorities are planning to establish more forest plantations in the region. In addition, businesspersons are allowed to set up hardwood and teak plantations on a commercial scale.

On the other hand, community-owned forests are being established. Some old plantations are being nurtured and some places are being planted with new trees and thinned for better forestation.

In monsoon of 2023, the region government will grow mangrove plants above two feet on Thamada beach of Dala Township. 336

# Tax-levying to be auctioned off for 13 ports in Ayeyawady Region

**Nay Pyi Taw March 17**

The Ministry of Transport and Communications stated that the remaining tax-levying functions for 13 ports of Ayeyawady Region will be auctioned off.

The Ayeyawady Region Department of Water Resources and Improvement of River Systems in Pathein has auctioned off tax-levying tasks for 43 ports of eight districts in the region as from 21 February 2023 for the 2023-24 fiscal year.

Businesspersons participated in auction of port tax levying process. They won 30 ports for doing functions but tasks for 13 ports remained unchanged.

These ports are Dahka port in Pathein District, Kyonpyaw Myoma port, Kyaunggon Myoma Port and Athoke port in Kyonpyaw District, Myaungmya Myoma port in Myaungmya District, Maubin Myoma port, Kywedon port, Inma port, Aingwaing port and Pantanaw Myoma port in Maybin District, Pyapon Myoma port and Nyaungtabin port in Pyapon District, and Myanaung Myoma port in Myanaung District.

Those wishing to operate levying port tax may buy the auction form from the department in Pathein and submit it from 9 to 22 March.

The auction will be opened in Pathein at 10 am on 24 March 2023. For further information about auction forms, deposit and auction disciplines, dial 09-256982816 of the department in Pathein. 336


A jetty in Ayeyawady Region.

# Commerce Ministry to accept application for trademarks online

**Yangon March 17**

After the Trademark Law has come into force, the Ministry of Commerce will accept applications for trademarks of the goods in Yangon and Nay Pyi Taw, and these applications can be submitted online, according to the UMFCCI.

This law was enacted in 2019 in Myanmar, and it shall be come into force on 1 April 2023.

Being a member country of the WTO and WIPO, Myanmar needs to follow the Trademark convention as well as the copyright cooperation agreement among ASEAN countries.

Copyright issue is important for economic, education, social and other various sectors as well as foreign trade, investment, trade promotion, science and technology.

Hence, it is necessary to create chance for those holding the copyrights under the law. As such, the law will help improve the export goods as well as can enjoy fruits of penetrating export goods into the foreign countries. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## နော်ဝေနိုင်ငံက ဥရောပထုတ် NH90 ရဟတ်ယာဉ်များနေရာတွင် အစားထိုးရန် အမေရိကန်ထုတ် Seahawk များဝယ်ယူခဲ့



နော်ဝေနိုင်ငံသည် နှောင့်နှေးမှုများနှင့် အဆင်မပြေမှုများ ဆက်တိုက်ဖြစ်ပေါ်ပြီးနောက် ဥရောပထုတ် NH 90 ရဟတ်ယာဉ်များနေရာတွင် အစားထိုးရန်အတွက် အမေရိကန်ထုတ် Seahawk ရဟတ်ယာဉ်ခြောက်စင်းကို ဝယ်ယူခဲ့ကြောင်း မတ် ၁၄ ရက်တွင် နော်ဝေနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။

ပို့ဆောင်မှုနှောင့်နှေးမှုနှင့်စွမ်းဆောင်ရည်ပြဿနာများကြောင့် နော်ဝေအစိုးရသည် ၂၀၂၂ ခုနှစ် ဇွန်လတွင် ဥရောပစက်မှုလုပ်ငန်းစု NH Industries (NHI) ထံမှ NH90s ရဟတ်ယာဉ် ၁၄ စင်း ဝယ်ယူရေးစာချုပ်ကို ပယ်ဖျက်ရန်ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါရဟတ်ယာဉ် ၁၄ စင်းအနက် ခြောက်စင်းကို နော်ဝေရေတပ်အတွက် ရန်သူရေငုပ်သင်္ဘောများကို တိုက်ဖျက်ရန် တပ်ဖြန့်အသုံးပြုရန်ရည်ရွယ်ထားပြီး ကျန်ရှစ်စင်းကို ထောက်လှမ်းရေးနှင့် ကမ်းရိုးတန်းစောင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက်ရည်ရွယ်၍ ဝယ်ယူထားခြင်းလည်းဖြစ်သည်။

နော်ဝေနိုင်ငံသည် ယခုအခါ MH-60R Seahawk ခြောက်စင်းကို အမေရိကန်နိုင်ငံထုတ်လုပ်သူ Sikorsky ထံက မှာယူထားပြီး ခရိုနာ ၁၂ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

ရဟတ်ယာဉ်များကို အစပိုင်းတွင် ကမ်းခြေစောင့်တပ်မှ အသုံးပြုမည်ဖြစ်ပြီး နောက်ပိုင်းတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေးအတွက် တပ်ဖြန့်အသုံးပြုနိုင်ရန် ပြင်ဆင်ထားမည်ဖြစ်ကြောင်း နော်ဝေကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပင်လယ်ရေကြောင်းသုံး ရဟတ်ယာဉ်အသစ်များဖြင့် ကျွန်ုပ်တို့သည် မြောက်ဘက်နယ်နိမိတ်တွင် ကာကွယ်ရေးအဆင်သင့်ရှိနေခြင်းနှင့် သတိရှိမှုကို ဆက်လက်ခိုင်မာစေလျက်ရှိသည်ဟု နော်ဝေနိုင်ငံကာကွယ်ရေးဝန်ကြီး Bjorn Arild Gram က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ၎င်းရည်ညွှန်းခဲ့သော နိုင်ငံမြောက်ဘက်နယ်နိမိတ်ဒေသသည် NATO အဖွဲ့ဝင် နော်ဝေနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်အပိုင်းလည်းဖြစ်သည်။

အဆိုပါရဟတ်ယာဉ်သစ်များကို၂၀၂၅ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ပို့ဆောင်ရန်စီစဉ်ထားသည်။

ကနဦးမျှော်မှန်းထားသည်ထက် ရဟတ်ယာဉ်အရေအတွက် နည်းပါးရခြင်းအကြောင်းမှာ အချို့သောမစ်ရှင်များကို ယခုအခါ ဒရုန်းများဖြင့် လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း Bjorn Arild Gram က အကြောင်းပြချက်ပေး ပြောကြားခဲ့သည်။

နော်ဝေရေတပ်၏ဖရီဂိတ်စစ်ရေယာဉ်လေးစင်းတွင် တာဝန်ထမ်းဆောင်နိုင်မည့် ရဟတ်ယာဉ်များ ဝယ်ယူရေးနှင့်ပတ်သက်၍လည်း မဆုံးဖြတ်ရသေးပေ။

အဲယားဘတ်စ်ရဟတ်ယာဉ်များ၊ အီတလီမှ လီယိုနာဒိုနှင့် နယ်သာလန်မှ ဖော်ကာကုမ္ပဏီတို့ပါဝင်သည့် ၂၀၀၁ ခုနှစ် ဥရောပစုပေါင်းလုပ်ငန်းစု NH I နှင့် သဘောတူစာချုပ်ကို နော်ဝေကပယ်ဖျက်ခဲ့ခြင်းလည်းဖြစ်သည်။ အနှစ်၂၀ အကြာတွင် အပြည့်အဝလည်ပတ်နိုင်သောရဟတ်ယာဉ်ရှစ်စင်းသာ ပို့ဆောင်နိုင်ခဲ့ကြောင်း ထောက်ပြပြောဆိုခဲ့ပြီး အပြည့်အဝပံ့ပိုးပေးအပ်နိုင်ရေးအတွက် မူလသတ်မှတ်ချိန်ကာလမှာ၂၀၀၈ ခုနှစ်ဖြစ်သည်။

နော်ဝေစစ်ဘက်သည် NH90 ရဟတ်ယာဉ်များ ပျံသန်းမှုနာရီအရေအတွက်ကို လျှော့နည်းလာစေသည့် ရဟတ်ယာဉ်များအပေါ် ယုံကြည်စိတ်ချရမှု၊ ပြုပြင်ထိန်းသိမ်းမှုခေတ်မမီမှုပြဿနာများနှင့်ပတ်သက်၍လည်း အကျိုးအကြောင်းပြောဆိုခဲ့ကြောင်း သိရသည်။

**Norway Buys US Military Helicopters to Replace European NH90s ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း အမေရိကန်ထုတ် တန်ပြန်ထောက်လှမ်းရေးရေဒါနှစ်စီးကို ရုရှားတပ်ဖွဲ့များ တိုက်ခိုက်ဖျက်ဆီး



ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ယူကရိန်းထုတ် အတွဲလိုက်ဒုံးပစ်လောင်ချာနှစ်စီးနှင့် အမေရိကန်ထုတ် တန်ပြန်ထောက်လှမ်းရေးရေဒါနှစ်စီးကို မတ် ၁၃ ရက်က တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က မတ် ၁၄ ရက် သတင်းထုတ်ပြန်ချက်၌ ပြောကြားခဲ့သည်။

မတ် ၁၃ ရက်က စစ်ဆင်ရေး၊ နည်းဗျူဟာတပ်ဖွဲ့များနှင့် ကြည်းတပ်လေကြောင်း၊ ဒုံးကျည်တပ်ဖွဲ့များနှင့် အမြောက်တပ်ဖွဲ့များသည်စစ်ဆင်ရေးဇရိယာ ၁၄၂ ခုရှိ ရန်သူတပ်အင်အားနှင့်လက်နက်ခဲယမ်းများ စုပုံတပ်ဖြန့်ရာနေရာများ၊ အမြောက်ပစ်ခတ်ရာနေရာများရှိ အမြောက်တပ်ဖွဲ့ ၇၈ ဖွဲ့ကို တိုက်ခိုက်ချေမှုန်းခဲ့ကြောင်း Konashenkov က ပြောကြားခဲ့သည်။

Kupyansk ရှေ့တန်းစစ်မျက်နှာတွင် ရုရှားနိုင်ငံအနောက်ပိုင်း စစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးအဖွဲ့များ၊ လေယာဉ်နှင့် အမြောက်တပ်များက Kharkov ဒေသရှိ Sinkovka နှင့် Kislovka အခြေချနေထိုင်ရာအနီးရှိ ယူကရိန်းတပ်ရင်း၊ တပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ယူကရိန်းတပ်ဖွဲ့ဝင် ၇၅ ဦး၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်တစ်စီး၊ မော်တော်ယာဉ်သုံးစီး၊ Gvozdika ဟောင်ဝစ်ဇာအမြောက်ယာဉ်လေးစီး၊ MT-12 တင့်ဖျက်သေနတ်တစ်လက်တို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု Konashenkov က ပြောကြားသည်။

ရုရှားတပ်ဖွဲ့များသည် Krasny Liman စစ်ဆင်ရေးဇရိယာတွင် ဗဟိုစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးတပ်ဖွဲ့များနှင့် အမြောက်တပ်ဖွဲ့များသည် Donetsk ပြည်သူ့သမ္မတနိုင်ငံနှင့် Lugansk ပြည်သူ့သမ္မတနိုင်ငံရှိ ရန်သူတို့ကို ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် ၉၅ ဦးကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်နှစ်စီး၊ ပစ်ကပ်ထရပ်ကားနှစ်စီး၊ Akatsiya အမြောက်ယာဉ်တစ်စီး၊ D-30 ဟောင်ဝစ်ဇာတစ်လက်နှင့် အမေရိကန်ထုတ် M777 အမြောက်တစ်လက်တို့ကို ဖယ်ရှားရှင်းလင်းနိုင်သည်။

Donetsk စစ်ဆင်ရေးဒေသတွင် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Zaliznyanskoye၊ Krasnoye နှင့် Tonenkoye အခြေချနေထိုင်ရာ နေရာများအနီးတွင် အမြောက်ပစ်ကူများရယူ၍ တောင်ပိုင်းစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ယူကရိန်းတပ်ဖွဲ့ဝင်ဦးရေ ၁၅၀ ကျော်၊ တင့်ကားသုံးစီး၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်နှစ်စီး၊ ပစ်ကပ်ထရပ်ကားလေးစီး၊ မော်တော်ယာဉ်နှစ်စီး၊ D-20 ဟောင်ဝစ်ဇာတစ်လက်၊ Gvozdika အမြောက်ယာဉ်တစ်စီး၊ MT-12 တင့်ဖျက်သေနတ်တစ်လက်နှင့် အမေရိကန်ထုတ် M777 အမြောက်နှစ်လက်တို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

ထို့ပြင် တောင်ပိုင်း Donetsk နှင့် Zaporozhye ဒေသများတွင် အရှေ့ပိုင်းစစ်ဒေသခရိုင်မှ တိုက်ခိုက်ရေးအုပ်စု၊ လေယာဉ်နှင့်အမြောက်လက်နက်များသည် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Prechistovka ရပ်ကွက်ကြီးများနှင့် Zaporozhye ဒေသရှိ Uspenovka ကျေးရွာများအနီးရှိ ယူကရိန်းတပ်ဖွဲ့များကို တိုက်ခိုက်ရှင်းလင်းခဲ့ရာ ၎င်းဒေသများတွင် ရန်သူ၏ဆုံးရှုံးမှုက ယူကရိန်းတပ်သား ၆၀၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်နှစ်စီး၊ ပစ်ကပ်ထရပ်ကားသုံးစီး၊ မော်တော်ကားသုံးစီးနှင့် D-20 ဟောင်ဝစ်ဇာတစ်စီးတို့ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် Donetsk ပြည်သူ့သမ္မတနိုင်ငံရှိ Vodyanoye ကျေးရွာအနီး ယူကရိန်းစစ်ဘက်မှ အမှတ်(၇၂) ယန္တရားတင်တပ်မဟာ၏ ခဲယမ်းမီးကျောက်သိုလှောင်ရုံကို တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့သည်ဟု Konashenkov က ဆိုသည်။

Kherson ရှေ့တန်းစစ်မျက်နှာတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၄၀ ကျော်၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ်သုံးစီး၊ မော်တော်ယာဉ်သုံးစီး၊ Gvozdika အမြောက်ယာဉ်နှစ်စီး၊ Akatsiya ဟောင်ဝစ်ဇာအမြောက် တစ်လက်တို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။

ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့ကယူကရိန်း MiG-29 တိုက်လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့သည်။

မတ် ၁၃ ရက်တွင် ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် HIMARS၊ Smerch နှင့် Uragan ဒုံးကျည် ၂၃ စင်း၊ ယူကရိန်းမောင်းသူမဲ့လေယာဉ် ၁၇ စီးကို ပစ်ချ၊ ဖျက်ဆီးနိုင်ခဲ့သည်။

**Russian forces wipe out two US-made radars in Ukraine operation, top brass reports ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေအားလျှပ်စစ်စီမံကိန်းအသစ် လေးခုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်



ကချင်ပြည်နယ် ရှီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၇**

ရေအားလျှပ်စစ်စီမံကိန်း အသစ်လေးခုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ကချင်ပြည်နယ်တွင် ဖုန်အင်ခနှင့် ကဆန် ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် နမ့်မယ်ဆိုင် ရေအားလျှပ်စစ်စီမံကိန်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် အထက်ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းစသည့် ရေအားလျှပ်စစ်စီမံကိန်းအသစ် လေးခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းအသစ် လေးခု အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းအသစ်များကို လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ၊ကုမ္ပဏီများအနေဖြင့် တင်ဒါပုံစံနှင့် အချက်အလက်များကို ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သုံးထပ်ဆောင်ရုံးသစ်၊ နေပြည်တော်တွင် တင်ဒါပုံစံနှင့် အချက်အလက်များကို ရုံးဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ၂၀၂၃ မတ် ၁၅ ရက်မှ မတ် ၃၀ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ ပြန်လည် တင်သွင်းရမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

SKL

# ဘားအံမြို့နယ် ကော့ခမိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မတ် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကော့ခမိတ်ကျေးရွာနှင့် တမံကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကော့ခမိတ်ကျေးရွာ ရွာလယ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားပြီး ကျေးရွာကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။



ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဉ္စမအကြိမ်အဖြစ် ကော့ခမိတ်ကျေးရွာနှင့် တမံကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဘိုဘို**

# နွားထိုးကြီးမြို့နယ် မြဝတီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နွားထိုးကြီး မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် မြဝတီကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက VDP စီမံကိန်းတာဝန်ခံနှင့်အတူ မြဝတီကျေးရွာ၌ ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းမှတ်တမ်းဆိုင်းဘုတ်များ စနစ်တကျ စိုက်ထူထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် အရှည် ၇၄၄ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာကူညီပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖေဖော်ဝါရီလ တတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် မြဝတီကျေးရွာရှိ အိမ်ခြေ ၃၁၂ အိမ်မှ လူဦးရေ ၁၇၂၃ ဦးတို့အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များအတွက် သွားလာဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သက်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၃-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၈၉၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ခွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ရွှေဟောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ်တင်လှူပွဲ ကျင်းပ



ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ရွှေဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်အသစ်တင်လှူပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာအုပ်စု ဆုတောင်းပြည့်ဘုရားစုကျေးရွာရှိ ဘုရားကုန်းကျောင်းတိုက်အတွင်း တည်ထားသော ရွှေဟောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်ကြည်ညိုသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်များက ရွှေထီးတော်ကို မဟာပဋ္ဌာနမ နမောတဿ ဂါထာတော်မြတ်နှင့် မေတ္တာသုတ်ပရိတ်တော်မြတ်များ ရွတ်ပွားပူဇော်ပြီး အမွှေးနံ့သာရည်ဖြင့် ပူဇော်ကာ ဒါယကာ၊ ဒါယိကာမများက ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များက ရွှေထီးတော် ဘုံအဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ မင်္ဂလာပန်ရထားဖြင့် တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကဥဒါနမင်္ဂလာ ဂါထာတော်များရွတ်ပွားပူဇော်ကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ဆက်လက်၍ ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပရာ ဧည့်သည်တော်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဆရာတော်ကြီးများနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းတို့က (၂၅)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်မုခ်ဦးနှင့် သမိုင်းပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်၌ (၂၅)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်ပြုလုပ်

**နေပြည်တော် မတ် ၁၇**

(၂၅)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ သီရိမင်္ဂလာကျောင်းတိုက်၌ ပြုလုပ်ရာ အဆိုပါကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာသီရိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၅)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်မုခ်ဦးနှင့် သမိုင်းပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သမိုင်းပြခန်းနှင့် သုံးထပ်စာသင်ဆောင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်ကို ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်တွင် ယခင်သီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက စတင်ကျင်းပပြုလုပ်ခဲ့ပြီး ဆရာတော်ကြီးများက လက်ဆင့်ကမ်းဆက်လက်ကျင်းပပြုလုပ်ခဲ့ကြရာ ယခုဆိုလျှင် (၂၅)ကြိမ်မြောက် တိုင်အောင် ပရိယတ္တိသဒ္ဓမ္မပါလ ငွေရတုပွဲတော်သို့ ရောက်ခဲ့ပြီဖြစ်ကြောင်းနှင့် ပွဲတော်တွင် ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီးများက နေ့ညမပျက် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် သီလဓမ္မတရားတော်များ၊ ပရိတ်တရားတော်များကို ဟောကြားရွတ်ဖတ်တော်မူခြင်း၊ ဒေသခံတိုင်းရင်းသားများက ရှင်ပြု၊ ရဟန်းခံခြင်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်းများကို မတ် ၂၀ ရက်ထိ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာ့သိုင်းသင်တန်း ဖွင့်လှစ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး မြန်မာ့သိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၇**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီမြန်မာ့သိုင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း မြန်မာ့သိုင်းသင်တန်းဖွင့်ပွဲများကို သတ်မှတ်နေရာ အသီးသီး၌ ပြုလုပ်ကြသည်။

အဆိုပါသင်တန်းကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူ ၈၇၄ ဦးဖြင့် သင်တန်းကာလ လေးပတ်ကြာဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် အဋ္ဌမနေ့အဖြစ် သမိုင်းဘာသာရပ်အတွက် နိုင်ငံခြားစာစစ်ဌာနတစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၇၇ ခု စုစုပေါင်း ၇၇၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၃၅၄ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၉၀၄၃ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူ များ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ သမိုင်းဘာသာရပ် ဖြေဆိုနေမှုကို တွေ့ရစဉ်။

# ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်၊ ၁၀ မြို့နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မတ် ၁၇**

၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ပြည်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့တွင် အသင်းလိုက်နှင့် တစ်ဦးချင်းဆုရရှိကြသူများနှင့် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများကို ဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ၂၀၂၃ ခုနှစ် (၄၉)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ၁၀ မြို့နယ် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရာမညအားကစားကွင်း၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် အားကစားဝါသနာရှင်များက အဖွင့်ပွဲစဉ်အဖြစ် ပေါင်မြို့နယ်ဘောလုံးအသင်းနှင့် ရေးမြို့နယ်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့နယ် ၁၀ မြို့နယ်မှ ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဧပြီ ၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

■ **နန်းဖာဒင်ကြိုးပြင်ကာကွယ်တောမှ**

နန်းဖာဒင်ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျွန်း၊ သစ်ရာ၊ အင်ကြင်းစသည့် အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေးစသည့် သစ်မျိုးများ၊ တင်းဝါး၊ ဝါးနက်၊ ဝါးဘိုးမျက်ဆံကျယ် စသည့်ဝါးမျိုးများ ပေါက်ရောက်နေပြီး ဝက်ဝံ၊ ဆတ်၊ ပြောင်၊ ချေ၊ တောဝက် စသည့် တိရစ္ဆာန်များ၊ မျောက်မျက်ကွင်းဖြူ၊ မျောက်လွှဲကျော် စသည့်မျောက်အမျိုးမျိုး၊ စပါးကြီးမြွေ၊ စပါးအုံးမြွေစသည့် မြွေအမျိုးမျိုး၊ သိမ်း၊ စွန်၊ ဒေါင်းမင်း စသည့်ငှက်မျိုးများ ကျက်စားရာဒေသဖြစ်သည့်အပြင် ဥချမြစ်အတွင်းစီးဝင်သော နန့်ကာဒင်ချောင်း၊ နန်းဖာဒင်ချောင်း၊ နန်းယုတ်ချောင်းများ၏ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ





(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၁၇**

(၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ယနေ့ည ၇ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာပေဟောပြောပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ စာရေးဆရာ ဆရာကြီးမြင်းမူမောင်နိုင်မိုး၊ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)တို့က အလှည့်ကျဟောပြောခဲ့ရာ စာပေဟောပြောပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးကော်မတီမှ တပ်မတော်အရာရှိကြီးများ၊ စာရေးဆရာ ဆရာကြီးဝေလွင်မောင်၊ စာရေးဆရာ ဆရာကြီး ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

စာပေဟောပြောပွဲတွင် ဆရာကြီး မြင်းမူမောင်နိုင်မိုးက "နိုင်ငံရေးနှင့် တပ်မတော်"၊ ဆရာမကြီးတင်ရီမ (ညောင်ဦး)က "ပါရမီဖြည့်ဖက်တစ်ဦး၏ အမှတ်တရများ" ခေါင်းစဉ်တို့ဖြင့် အသီးသီး ဟောပြောခဲ့ကြသည်။ စာပေဟောပြောပွဲကို အရာရှိ၊ စစ်သည်များ၏ အခြေခံစိတ်ဓာတ်ကောင်းမွန်ရေး၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်ရှိစေရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

စာပေဟောပြောပွဲအပြီးတွင် စစ်ရေးပြစစ်ကြောင်းကြီးများမှ အရာရှိကြီးများက ဟောပြောခဲ့သည့် စာပေပညာရှင် ဆရာကြီးနှင့် ဆရာမကြီးတို့ကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။




တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ စာရေးဆရာ ဆရာကြီး မြင်းမူမောင်နိုင်မိုးအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၁၇**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများသည် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၁ ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ မျက်စိခွဲစိတ်လူနာများကို မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။ ထို့နောက် အဆိုပါလူနာများကို မြေပုံမြို့ဆိပ်ခံတံတားသို့ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့အတူ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မြေပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၂၅ ဦးကို မြေပုံမြို့ ပညာ့ဗိမာန်ရိပ်သာပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာ ယနေ့တွင် ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၁၉၀၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၅၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၆၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါခုနစ်ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာနှစ်ဦး၊မျက်စိခွဲစိတ်လူနာ ငါးဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၂၀တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ သုံးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် မြေပုံမြို့နယ်မှ ပေါက်တောမြို့နယ် ပြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆက်လက်ထွက်ခွာကြသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်တော်တို့မြို့က တကယ့်ကိုအလှမ်းဝေးတဲ့နေရာဖြစ်ပါတယ်။ တစ်ခုခုဆိုရင် စစ်တွေကိုသွားရတယ်။ မြောက်ဦးသွားရတယ်။ရန်ကုန်သွားရတယ်။ဒီလိုအခက်အခဲတွေကို နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့ အဖွဲ့အစည်းတစ်ရပ်အနေနဲ့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ရောက်လာတဲ့အခါ ကျွန်တော့်အနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ မျက်စိမမြင်တဲ့သူတွေ သဘော်ပေါ်မှာ ခွဲစိတ်ကုသပြီး မျက်လုံးကောင်းသွားတဲ့သူတွေ၊ ဒီဘဝမှာ မမြင်ရတော့ဘူးထင်တဲ့သူတွေ မျက်စိမြင်သွားကြပါတယ်။ ရောက်လာတာနဲ့ လူနာတွေကို လက်ဆောင်ပေးတယ်။ ဆေးကုပေးတယ်။ ဒီလောက်ကြီးမားတဲ့ကုသိုလ်ကြီးကိုလုပ်ပေးတဲ့အတွက် အရမ်းကိုကျေးဇူးတင်မိတယ်။ အဲဒါကြောင့် နှစ်စဉ်နှစ်တိုင်း လာစေချင်ပါတယ်။ သူတို့ကိုလည်း သားသမီးချင်း၊ ညီအစ်ကိုမောင်နှမချင်း ကိုယ်ချင်းစာမိပါတယ်။ သူတို့တွေလည်း အရမ်းပင်ပန်းရှာကြပါတယ်။ သူတို့လုပ်ရတာ လူနာတွေကလည်း များတော့ လွယ်တာမဟုတ်ဘူး။ ဒါပေမဲ့ သူတို့တွေမျက်နှာတစ်ချက်မညိုးပါဘူး။ ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ဒီလိုစိတ်ထားတွေဖြစ်အောင် ဘယ်လိုများပြုစုပျိုးထောင်ထားသလဲမသိဘူး။ ငါ့သားသမီးသာဖြစ်လိုက်ချင်ပါတယ်။ ငါ့တူလေး၊ ငါ့ညီလေးသာဖြစ်လိုက်ချင်တယ်လို့ စိတ်ထဲမှာခံစားရမိတယ်။ အဲဒါကြောင့် အခုလာရောက်ဆေးကုသပေးတဲ့အဖွဲ့တွေကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ကြောင်း မြေပုံမြို့နယ်သူ၊မြို့နယ်သားတွေကိုယ်စား ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူး



တင်ပါတယ်။နောက်နောင်ကိုလည်း အခုလိုစီစဉ်ပေးစေချင်ပါတယ်လို့ပြောလိုပါတယ်။ ကျွန်တော်တို့မြို့နယ်က အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ပါလို့ ပြောလိုပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်မတို့ ဆေးခန်းပြမယ်ဆိုရင် ကျောက်တော်၊မြောက်ဦး၊မင်းပြား၊စစ်တွေ၊ အမ်းတို့ကို သွားရပါတယ်။ အခုကတော့ တစ်နေရာထဲမှာ ကဏ္ဍအသီးသီး၊ ရောဂါအသီးသီးကို ကုသပေးတယ်။ သွားဘက်ဆိုင်ရာ၊ မျက်စိဆိုင်ရာ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေကုသခွင့်ရနေတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ အရမ်းလည်း ပျော်တယ်။ ပီတိလည်းဖြစ်တယ်။ မတတ်နိုင်တဲ့သူတွေ ဆေးကုသခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်တယ်။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရပါတယ်။လူနာတွေက ပါရဂူတွေနဲ့လည်းထိတွေ့မှုရတယ်။ ဆရာဝန်တွေပေးတဲ့ဆေးတွေကလည်း အကောင်းစားဆေးတွေဖြစ်တယ်လို့ သိရပါတယ်။ နယ်မှာဆိုတော့ အခက်အခဲတွေအများကြီးကြုံတွေ့ရတယ်။ အခုဆိုရင် လမ်းစရိတ်လည်း သက်သာတယ်။ဆေးဖိုးလည်း သက်သာတယ်။ လူနာတွေရဲ့ရောဂါတွေကိုလည်း ဆရာဝန်တွေနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးတဲ့အတွက်ကြောင့် ကိုယ့်ရောဂါအခြေအနေလည်း တိတိကျကျသိရတာပေါ့။ ညဏ်ပူဇော်ခလည်း မပေးရဘူး။နောက်ပြီး ဆရာဝန်တွေရဲ့ ပြောဆိုဆက်ဆံမှုတွေကလည်း နူးညံ့သိမ်မွေ့တယ်။ လူနာတွေကိုလည်းအပြုံးနဲ့ကြိုဆိုတော့ စိတ်ချမ်းသာမှုဖြစ်ရတာပေါ့။အခုလိုစီစဉ်ပေးတဲ့နိုင်ငံတော်အကြီးအကဲကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ ပါရဂူတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။



# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့တွင် သမိုင်းဘာသာရပ် ဖြေဆိုသူစုစုပေါင်း ၃၉၀၄၃ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဋ္ဌမနေ့ကို ယနေ့ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သမိုင်းဘာသာရပ်ဖြေဆိုသူစုစုပေါင်း ၃၉၀၄၃ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာနတစ်ခုနှင့် ပြည်တွင်းစာစစ်ဌာန ၇၇၇ ခု စာစစ်ဌာန စုစုပေါင်း ၇၇၈ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၃၅၄ ရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၃၉၀၄၃ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၈၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-သမိုင်း

ရက်စွဲ၊ ၁၇ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | ပျက်ကွက် ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | ကျောင်း ဖြေ | ပြင်ပ ဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၁ | ၅၇၈ | ၂၇၀၄ | ၃၂၈၂ | ၅၅၁ | ၂၄၄၈ | ၂၉၉၉ | ၂၇ | ၂၅၆ | ၂၈၃ | ၉၁.၃၈% | ၈.၆၂% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၁၇၂ | ၂၄၂ | ၄၁၄ | ၁၆၄ | ၂၁၃ | ၃၇၇ | ၈ | ၂၉ | ၃၇ | ၉၁.၀၆% | ၈.၉၄% | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၂၂၂ | ၃၄၄ | ၅၆၆ | ၁၉၇ | ၂၈၀ | ၄၇၇ | ၂၅ | ၆၄ | ၈၉ | ၈၄.၂၈% | ၁၅.၇၂% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၄၂၇ | ၁၅၈၇ | ၂၀၁၄ | ၃၇၈ | ၁၂၈၄ | ၁၆၆၂ | ၄၉ | ၃၀၃ | ၃၅၂ | ၈၂.၅၂% | ၁၇.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၀ | ၄၉ | ၈၁၀ | ၄၁၁၇ | ၄၉၂၇ | ၇၆၅ | ၃၅၁၃ | ၄၂၇၈ | ၄၅ | ၆၀၄ | ၆၄၉ | ၈၆.၈၃% | ၁၃.၁၇% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၅ | ၁၂၆ | ၂၆၉ | ၃၉၅ | ၁၁၄ | ၂၂၂ | ၃၃၆ | ၁၂ | ၄၇ | ၅၉ | ၈၅.၀၆% | ၁၄.၉၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၉ | ၁၉၄ | ၅၇၅ | ၇၆၉ | ၁၈၇ | ၄၈၃ | ၆၇၀ | ၇ | ၉၂ | ၉၉ | ၈၇.၁၃% | ၁၂.၈၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၀ | ၃၃၆ | ၈၄၂ | ၁၁၇၈ | ၃၁၄ | ၇၂၄ | ၁၀၃၈ | ၂၂ | ၁၁၈ | ၁၄၀ | ၈၈.၁၂% | ၁၁.၈၈% | |
| ၉ | မကွေး | ၇ | ၂၄ | ၄၈ | ၁၁၅ | ၁၉၃၇ | ၂၀၅၂ | ၁၁၂ | ၁၇၀၃ | ၁၈၁၅ | ၃ | ၂၃၄ | ၂၃၇ | ၈၈.၄၅% | ၁၁.၅၅% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၈၅ | ၂၅၉ | ၂၀၂၈ | ၂၂၈၇ | ၂၅၀ | ၁၈၀၉ | ၂၀၅၉ | ၉ | ၂၁၉ | ၂၂၈ | ၉၀.၀၃% | ၉.၉၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၇ | ၂၇၈ | ၃၈၃ | ၆၆၁ | ၂၆၅ | ၃၄၆ | ၆၁၁ | ၁၃ | ၃၇ | ၅၀ | ၉၂.၄၄% | ၇.၅၆% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၄၅ | ၂၀၃ | ၆၇၁၉ | ၆၉၂၂ | ၁၉၃ | ၅၈၂၁ | ၆၀၁၄ | ၁၀ | ၈၉၈ | ၉၀၈ | ၈၆.၈၈% | ၁၃.၁၂% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၆၉ | ၉၉ | ၂၁၇၁ | ၂၂၇၀ | ၉၅ | ၁၇၅၂ | ၁၈၄၇ | ၄ | ၄၁၉ | ၄၂၃ | ၈၁.၃၇% | ၁၈.၆၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၅၁ | ၄၂၁ | ၉၀၅ | ၁၃၂၆ | ၄၀၃ | ၇၆၀ | ၁၁၆၃ | ၁၈ | ၁၄၅ | ၁၆၃ | ၈၇.၇၁% | ၁၂.၂၉% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၁၉ | ၁၂၃ | ၃၄၀ | ၄၆၃ | ၁၁၁ | ၂၈၄ | ၃၉၅ | ၁၂ | ၅၆ | ၆၈ | ၈၅.၃၁% | ၁၄.၆၉% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၈ | ၈ | ၂၀ | ၁၂၇ | ၁၄၇ | ၁၉ | ၉၂ | ၁၁၁ | ၁ | ၃၅ | ၃၆ | ၇၅.၅၁% | ၂၄.၄၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၀၇ | ၆၁၄၂ | ၆၈၃၆ | ၁၂၉၇၈ | ၅၇၆၄ | ၅၉၂၉ | ၁၁၆၉၃ | ၃၇၈ | ၉၀၇ | ၁၂၈၅ | ၉၀.၁၀% | ၉.၉၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | | ၁၇၀၁ | ၁၇၀၁ | | ၁၄၉၆ | ၁၄၉၆ | ၀ | ၂၀၅ | ၂၀၅ | ၈၇.၉၅% | ၁၂.၀၅% | |
| ၁၉ | နိုင်ငံခြား | | | ၁ | | ၂ | ၂ | | ၂ | ၂ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| **ပြည်ထောင်စုချုပ်** | | **၁၂၂** | **၃၀၅** | **၇၇၈** | **၁၀၅၂၅** | **၃၃၈၂၉** | **၄၄၃၅၄** | **၉၈၈၂** | **၂၉၁၆၁** | **၃၉၀၄၃** | **၆၄၃** | **၄၆၆၈** | **၅၃၁၁** | **၈၈.၀၃%** | **၁၁.၉၇%** | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊၃၊၄၊၅) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊၆၊၇၊၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံ ဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်း ဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်စေတနာ(က) ရပ်ကွက်နေ သန့်ဇင်ထွန်းသည် ၎င်းအသုံးပြုသည့် "Thant Zin Htun" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူများဖြစ်ကြသည့် သန့်ဇင်အောင်(ခ)အောင်လေး၊ ကောင်းဆက်တိုး (ခ)ဆံရှည် (ခ)ကောင်းကောင်း၊ သန်းခိုင်ဦး (ခ)ဘိုပု၊ ကျော်သက်(ခ)ကျော်ကြီး၊ သင်းနွယ်စိုး၊ ထွန်းမင်းဇော်(ခ)သာကျော် (ခ)ဂျိုကာနှင့် အောင်ကြည်(ခ)ရွှေငါးတို့သည် ၎င်းတို့အသုံးပြုသည့် "Aung Lay" Facebook အကောင့်၊ "Kaung Kaung" Facebook အကောင့်၊ "Than Khaing Oo"Facebookအကောင့်၊ "Kyaw Gyi" Facebook အကောင့်၊ "Thin Nwe Soe"Facebook အကောင့်၊ "Joker" Facebook အကောင့်၊ "Aung Kyi" Facebook အကောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ အောင်ကိုဦး(ခ)အထစ်သည် ၎င်းအသုံးပြုသည့် "Aung Ko Oo" Facebook အကောင့်နှင့် သယ်န်းကျွန်းမြို့နယ်နေ ပြည့်ဖြိုးကြွယ်(ခ)ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Ko Phyo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# အမ်းမြို့နယ်နှင့် မကွေးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၇**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ်၊ ကျေးရွာများထိသွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်မြို့ရှိ သာသနာ့ဝေပုလ္လာရာမဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ဦးရေ ၃၇၀ ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဆူးကောက်စမ်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၇၆ ဦးကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မတ် ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ

**နေပြည်တော် မတ် ၁၇**

မတ် ၁၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၄၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၈၆ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၆၃ ဦး |

**နံနက်စာကို အသားရော အသီးအနှံပါ စုံလင်စွာ စားသောက်သင့်သည်။**

## အမေရိကန်နိုင်ငံတွင် မီးခိုးမြူများထိန်းချုပ်နိုင်ရေးဥပဒေမူကြမ်း အပြီးသတ်ရေးဆွဲ



**ဝါရှင်တန် မတ် ၁၇**

အမေရိကန်နိုင်ငံတွင် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် မီးခိုးမြူများထိန်းချုပ်နိုင်ရေးအတွက် ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းရန် စီစဉ်နေပြီး မတ် ၁၅ ရက်တွင် ၎င်းဥပဒေမူကြမ်းကို အပြီးသတ်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက မတ် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မီးခိုးမြူများထိန်းချုပ်နိုင်ရေးအတွက် ပြည်နယ် ၂၃ ပြည်နယ်မှ စက်မှုဇုန်များနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို Good Neighbour စီမံချက်အမည်ဖြင့် အသစ်ပြဋ္ဌာန်းမည့် ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားမည်ဖြစ်ကြောင်း၊ မီးခိုးမြူများမြင့်တက်လာခြင်းမှာ တောမီးလောင်ကျွမ်းမှုများကြောင့်ဖြစ်သလို စက်မှုဇုန်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံများမှ ထွက်ရှိသည့် မီးခိုးငွေ့များကြောင့်ဖြစ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ Good Neighbour စီမံချက်ဟာ လေထုညစ်ညမ်းမှုကို ထိန်းချုပ်ပေးနိုင်မှာဖြစ်သလို လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးလုံခြုံမှုအားနည်းတာကို ထိန်းချုပ်ပေးနိုင်ပါလိမ့်မယ်။ ဥပဒေမူကြမ်းကိုတော့ ရေးဆွဲပြီးသွားပြီဖြစ်ပါတယ်။ အစိုးရက အတည်ပြုပြီးရင်တော့ ဥပဒေကိုတရားဝင်ပြဋ္ဌာန်းကျင့်သုံးသွားမှာဖြစ်ပါတယ်"ဟု အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ မိချဲရီဂန်က ပြောကြားခဲ့ကြောင်း သိရသည်။

မီးခိုးမြူများသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်လာစေနိုင်သလို အိုဇုန်းလွှာပေါက်ပြဲမှုကိုလည်း မြင့်တက်လာစေနိုင်ခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုနှုန်းကိုလည်း မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများ ဖြစ်ပေါ်လာစေမှုကို မြင့်တက်လာစေနိုင်ခြင်းကြောင့် လေထုညစ်ညမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လိုအပ်နေကြောင်း သိရသည်။ **နိုင်းဆက်**

## ကိုလံဘီယာနိုင်ငံ၌ မိုင်းတွင်းပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၁ ဦးထိမြင့်တက်လာ

**ဘိုဂိုတာ မတ် ၁၇**

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့မြောက်ဘက်ပိုင်း ဆူတာတုဆာနယ်မြေတွင် မတ် ၁၅ ရက်က မိုင်းတွင်းပေါက်ကွဲမှုကြောင့် ယနေ့ထိ သေဆုံးသူ ၂၁ ဦးထိ မြင့်တက်လာပြီး ပျောက်ဆုံးနေသူ ၁၀ ဦးရှိနေဆဲဖြစ်ကြောင်း ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်သွားရန် ကိုလံဘီယာသမ္မတ ဝက်စတာဝိုကိုယ်တိုင် နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းကို ညွှန်ကြားခဲ့ကြောင်း၊ ကိုလံဘီယာကယ်ဆယ်ရေးဝန်ထမ်းများက မိုင်းတွင်းပေါက်ကွဲမှုကြောင့် သေဆုံးသူများကို ဆယ်ထုတ်ကာ ပျောက်ဆုံးနေသူများကို ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

"နီကိုလက်စ်ဂါစီယာက ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်သလို ပျောက်ဆုံးနေသူတွေကိုလဲ အင်အားသုံးရှာဖွေနေတယ်လို့တင်ပြလာပါတယ်။ နီကိုလက်စ်ဂါစီယာရဲ့ တင်ပြချက်အရ သေဆုံးသူ ၂၁ ယောက်ရှိခဲ့ပြီး ပျောက်ဆုံးနေသူ ၁၀ ယောက်ရှိတယ်လို့သိရပါတယ်။ သေဆုံးသွားတဲ့ပြည်သူတွေရဲ့ မိသားစုဝင်တွေနဲ့ ထပ်တူဝမ်းနည်းမိပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်သွားဖို့လဲ ညွှန်ကြားထားပါတယ်။ သေဆုံးသွားခဲ့တဲ့ ပြည်သူတွေရဲ့ မိသားစုတွေကို ပံ့ပိုးကူညီပေးသွားဖို့လဲ သက်ဆိုင်ရာကို ညွှန်ကြားထားပါတယ်"ဟု ကိုလံဘီယာသမ္မတဝက်စတာဝိုက ပြောကြားခဲ့သည်။

သမ္မတဝက်စတာဝိုက မိုင်းတွင်းလုပ်ကွက်ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ကုမ္ပဏီတစ်ခုတည်းကသာ ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းမဟုတ်ဘဲ လူမှုအဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အတွက် ကြီးမားသောဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။ **နိုင်းဆက်**

## ဟန္နွိုင်းမြို့သည် အရှေ့တောင်အာရှတွင် လေထုညစ်ညမ်းမှု ဒုတိယအဆိုးရွားဆုံးဖြစ်

**ဘန်း မတ် ၁၇**

ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့သည် အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနိုင်ငံ ပက်ဆာကီမစ်ခရိုင်ပြီးလျှင် ဒုတိယမြောက် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ လေသန့်စင်စက်ကုမ္ပဏီ IQ Air ၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည် စစ်တမ်းအရသိရကြောင်း VnExpress International News သတင်းဌာနက မတ် ၁၆ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၏ လေထုအရည်အသွေးသည် ၂၀၂၁ ခုနှစ်တွင် PM 2.5 အမှုန်အမွှားပါဝင်မှုသည် တစ်ကုဗမီတာလျှင် ၃၆ ဒသမ ၂ မိုက်ခရိုဂရမ်မှ ၂၀၂၂ ခုနှစ်တွင် တစ်ကုဗမီတာလျှင် ၄၀ ဒသမ ၁ မိုက်ခရိုဂရမ် ထိတိုးလာပြီး ကမ္ဘာပေါ်ရှိမြို့ ၁၁၆ မြို့အနက် လေထုညစ်ညမ်းမှုအဆင့်(၁၈) ရှိသည်ဟု စစ်တမ်းတွင်ဖော်ပြထားကြောင်း သိရသည်။

နှစ်စဉ် PM 2.5 အမှုန်အမွှားပျမ်းမျှပါဝင်မှုတွင် ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် တစ်ကုဗမီတာတွင် ၂၇ ဒသမ ၂ မိုက်ခရိုဂရမ်ဖြင့် တတိယလေထုညစ်ညမ်းဆုံးနိုင်ငံဖြစ်ပြီး လာအိုနိုင်ငံက ၂၇ ဒသမ ၆ မိုက်ခရိုဂရမ်နှင့် အင်ဒိုနီးရှားနိုင်ငံက ၃၀ ဒသမ ၄ မိုက်ခရိုဂရမ်ဖြင့် နောက်မှကပ်လျက် အဆင့်ဆင့်ရပ်တည်လျက်ရှိကြောင်း သိရသည်။



လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်များမှ ထုတ်လွှတ်သော မီးခိုးငွေ့များ၊ စက်မှုလုပ်ငန်းစက်ရုံများမှ အခိုးအငွေ့များနှင့် မီးလောင်မှုဖြစ်ပွားခြင်းတို့သည် ဗီယက်နမ်နိုင်ငံ လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်ပြီး နှစ်စဉ် ဧပြီလမှ နိုဝင်ဘာလအတွင်း ပိုမိုဆိုးရွားလေ့ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃ သန်းရင်းနှီးမြှုပ်နှံ၍ လေထုညစ်ညမ်းမှုလျှော့ချရေး စီမံကိန်းချမှတ်လုပ်ဆောင်လျက်ရှိပြီး အဆိုပါပရောဂျက်ကို အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ AZH

## ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ကာလအတော်ကြာပိတ်ထားရသော ဗန်ကူးဗားပန်းခြံ ပြန်လည်ဖွင့်လှစ်

**အော့တဝါ မတ် ၁၇**

ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့နီစ်ပယ်ဒေသအတွင်းရှိ ကမ္ဘာလှည့်ခရီးသွား အများအပြားလာရောက်လည်ပတ်လေ့ရှိသည့် ဗန်ကူးဗားပန်းခြံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်က တောမီးလောင်ကျွမ်းမှုကြောင့် ခေတ္တပိတ်ထား၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ အပြည့်အဝ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး လည်ပတ်ခွင့်ပြန်လည်ခွင့်ပြုပြီဖြစ်ကြောင်း ပန်းခြံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က မတ် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု CTV News သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗန်ကူးဗားပန်းခြံ မီးလောင်ရသည့်အကြောင်းရင်းကို ပြည်နယ်မီးသတ်ဌာနအနေဖြင့် ယခုချိန်ထိ တိတိကျကျထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ၎င်းသည်လူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်ရကြောင်း ပြည်နယ်မီးသတ်ဌာနက ကောက်ချက်ချထားသည်။

ဗန်ကူးဗားပန်းခြံ မီးလောင်မှုကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့ရသော နေရာများကိုပါပြန်လည်ဝင်ရောက်ခွင့် အပြည့်အဝရရှိပြီဖြစ်ကြောင်း၊ လာရောက်လည်ပတ်သူများနှင့်ဝန်ထမ်းများကို ဆေးလိပ်သောက်ခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်သွားမည်ဖြစ်ပြီး ခရီးသွားဧည့်သည်များအနေဖြင့် သတ်မှတ်ထားသောလမ်းများမှသာ သွားလာနေထိုင်ကြရန် ပန်းခြံစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားကြောင်း သိရသည်။

ဗန်ကူးဗားပန်းခြံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းမှုသည် ၁၄ ဟက်တာထိကြီးထွားခဲ့ကာ မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရက်သတ္တပတ်ပေါင်းများစွာ ကြိုးစားခဲ့ရကြောင်း၊ ပန်းခြံ၏ အချို့နေရာများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစ၍ ပြန်လည်ဖွင့်လှစ်ကာလည်ပတ်ခွင့်ပြုခဲ့သော်လည်း ယခုမှသာ အပြည့်အဝပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပန်းခြံပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားရဦးမည်ဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာနက ပြောကြားထားသည်။ AZH

## မာလာဝီနိုင်ငံတွင် ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၃၂၆ ဦးထိရှိလာ

**လီလောင်ဝီ မတ် ၁၇**

မာလာဝီနိုင်ငံတွင် မတ် ၁၂ ရက်မှစတင်၍ ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မတ် ၁၆ ရက်ထိ မုန်တိုင်းကြောင့် သေဆုံးသူ ၃၂၆ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၀၀ ဦးထိ ရှိလာကြောင်း မာလာဝီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မာလာဝီနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း စတင်ဝင်ရောက်ခဲ့စဉ်က ပျက်စီးဆုံးရှုံးမှုနှင့်သေဆုံးသူအများဆုံးဒေသမှာ ဘလန်တိုင်ရီမြို့ဖြစ်ပြီး ဘလန်တိုင်ရီမြို့တွင် မုန်တိုင်းအခြေအနေ တည်ငြိမ်လာခဲ့ပြီးနောက် မောင့်ဆိုချီတောင်အနီးပတ်ဝန်းကျင်မှ ဒေသများတွင် ပျက်စီးဆုံးရှုံးမှုများ မြင့်တက်လာခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဘလန်တိုင်ရီမြို့ရှိ Queen Elizabeth ဆေးရုံကြီးသို့ပို့ဆောင်ကာ ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ မြင်ကွင်းက ထိတ်လန့်စရာကောင်းပါတယ်။ အချို့လူတွေ ရေစီးနဲ့အတူ မျောပါသွားခဲ့ကြတယ်။ ကျွန်တော်လဲ ဘယ်လိုဖြစ်လို့ဆေးရုံကိုရောက်လာလဲမသိဘူး။ ကျွန်တော်သတိရလာတော့ ဆေးရုံပေါ်ရောက်နေပြီး ကျွန်တော်လည်ပင်းမှာလဲ ကျောက်ပတ်တီးနဲ့ဖြစ်နေတယ်။ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေတယ်။ အသေအပျောက်နည်းပါစေလို့ဆုတောင်းပါတယ်"ဟု ဘလန်တိုင်ရီဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ဖရက်ဒီဆိုင်ကလုန်းမုန်တိုင်းကြောင့် မာလာဝီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများလည်းဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကျေးလက်ဒေသတချို့တွင် ရွာလုံးကျွတ်နီးပါးပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအနက် တချို့မှာဒဏ်ရာအခြေအနေ စိုးရိမ်ရသည့်အတွက် သေဆုံးသူဦးရေ မြင့်တက်လာဖွယ်ရှိနေကြောင်း သိရသည်။ **နိုင်းဆက်**

0w Mw M @

# ချိုရှချဉ်သော

ပိုင်ပိုင်




(၁)

"ဟယ်လို ဟယ်လို ဘုရားပွဲလာ မိဘပြည်သူများခင်ဗျာ။ ပွဲဈေးအတွင်း ရွှေရုပ်စုံအရုပ်ဆိုင်အနီးမှာ နှစ်နှစ်အရွယ်သမီးလေးတစ်ယောက် ပျောက်သွားပါတယ်။ ဆံပင်ကုပ်ဝဲ၊ အသားဖြူဖြူသမီးငယ်လေးကို တွေ့ရှိသူ ဓမ္မာရုံကိုလာအပ်ပေးပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

ဘုရားပွဲဈေးတန်းအနီး ကားလမ်းဘေးတွင် ကားရပ်ပြီး ကွမ်းယာဆင်းဝယ်နေသော ခင်ပွန်းသည် ကိုတင့်လွင်ကို ကားပေါ်၌စောင့်နေသော မခင်မေတစ်ယောက် အသံချဲ့စက်မှ ကလေးပျောက်ကြောင်း ကြော်ငြာသံကြားလိုက်မိတော့ စိတ်မသက်မသာဖြစ်မိသည်။ ရေတာရှည်မြို့ရှိ ဓာတ်တော်ဘုရားပွဲမှာ ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ ၁၀ ရက်တိတိကျင်းပသော ဘုရားပွဲဖြစ်၏။ အနယ်နယ်အရပ်ရပ်က လာရောက်ရောင်းချကြသော လူသုံးကုန်များ၊ အဝတ်အထည်များ၊ သံ ပစ္စည်းများနှင့် အညာထွက်ကုန်သနပ်ခါးများ ပါမကျန်ရောင်းချသောကြောင့် လာရောက်ဝယ်ယူသူများ ကြိတ်ကြိတ်တိုးလျက်ပင်။

"အင်း မိဘတွေကလဲနော် ကိုယ့်ကလေးကို လူစည်စည်ပွဲဈေးတန်းထဲမှာ ပိုပြီးဂရုစိုက်ရမှာကို။ တကယ်ကြီးများပျောက်သွားလို့ကတော့ ရင်ကျိုးရချေရဲ့။ ဘုရား ဘုရား ကလေးလေးပြန်တွေ့ပါစေ"

မခင်မေက ကားကူရှင်ကိုမှီပြီး မျက်စိလေးမှိတ်ကာ ဆုတောင်းပေးနေမိသည်။ တောင်ငူမြို့ရှိ ကိုတင့်လွင်မိတ်ဆွေ၏အလှူပွဲကို လာရောက်ကြပြီး မိမိတို့မြို့ဖြစ်သော ကျောက်ဆည်သို့အပြန် ရေတာရှည်မြို့ ကားလမ်းဘေး၌ ကားရပ်ကာ ကိုတင့်လွင်က ကွမ်းယာသွားဝယ်နေခြင်းဖြစ်၏။ အိမ်ထောင်ကျခဲ့သည်မှာ ငါးနှစ်ကျော်ပြီဖြစ်သော်လည်း သားသမီးမရသေးပါ။ လင်မယားနှစ်ယောက် ကလေးလိုချင်၍ မန္တလေးမှ အထူးကုဆရာဝန်ကြီးများနှင့် စစ်ဆေးကာ ဆေးဝါးများမှီဝဲနေသော်လည်း မထူးခြားပါ။ မခင်မေက မွေးရာပါနှလုံးအားနည်းသူ။ အရာရာ ကိုတင့်လွင် သဘောထားအတိုင်းသာနေထိုင်ရသူဖြစ်၏။ ကိုတင့်လွင်ကလည်း မခင်မေကို အလိုလိုက်ဂရုစိုက်သော်လည်း အလွန်စိတ်ဆတ်တတ်ကာ သူ့စီမံမှုကိုသာ လက်ခံမှ ကျေနပ်တတ်သူဖြစ်၏။

"ရော့ ခင်မေ"

ကိုတင့်လွင်က ကားတံခါးဆွဲဖွင့်ကာ မခင်မေ ရင်ခွင်တွင်းသို့ ကလေးလေးတစ်ယောက် ထိုးထည့်ပြီး ကားတံခါးကိုဆောင့်ပိတ်လိုက်သည်။ ထို့နောက် ကားအရှေ့ဘက်မှပတ်လာပြီး ကားမောင်းသူနေရာ၌ ဝင်ထိုင်ကာ ကားကို အမြန်မောင်းထွက်လာသည်ထိ မခင်မေ အံ့သြမှင်တက်နေမိ၏။ ရင်ခွင်တွင်းမှ သမီးလေးက တုတ်ထိုးချိုချဉ်လေးငုံပြီး ငြိမ်နေသည်။ ကားအမြန်မောင်းနေသော ကိုတင့်လွင်မျက်နှာကလည်း အဆီများပြန်ကာ ချွေးစို့နေ၏။

"ကို ဒီကလေးလေးက"

"အေး ငါတို့မွေးစားရအောင်ခေါ်လာတာ"

"အို ဘုရားပွဲဈေးမှာ ကလေးပျောက်လို့ ဓမ္မာရုံက အသံချဲ့စက်နဲ့ကြော်ငြာနေတာ ခင်မေကြားတယ်။ ဒါဆို ကိုက ဒီကလေးကိုခိုးလာတာလား"

မခင်မေ ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။ ခင်ပွန်းသည်၏လုပ်ရပ်ကို မနှစ်မြို့နိုင်။ ကိုယ်တိုင်ကလေးမမွေးဖူးသေးသော်လည်း မိခင်မေတ္တာ သားသမီးဇောဆိုသည်ကို နားလည်သည်။ သမီးလေး၏ မိဘများ ယခုချိန်ဘယ်လောက်များ သောကမီးတောက်လောင်နေမည်မသိ။

"ကို ရှင်ဘယ်လိုလုပ်လာတာလဲ။ မဖြစ်ဘူး ကားကိုပြန်လှည့်၊ ဓမ္မာရုံမှာ ကလေးလေးကိုသွားပြန်အပ်ရအောင်"

"ခင်မေ မင်းပါးစပ်ပိတ်ထားစမ်း"

ကိုတင့်လွင်၏အော်သံက အတော်ကျယ်သည်။ မခင်မေရင်ခွင်တွင်းမှ သမီးလေးပင် ဆတ်ခနဲတုန်သွားသည်။

"အဟင့် ဟင့် မေမေ့ဆီ မေမေ့ဆီ ဟီး"

မခင်မေက သူ့မျက်နှာကိုကြည့်ကာ မိခင်ကိုတမ်းတပြီး ငိုနေသည့်သမီးလေးကို အသာဖက်ထားမိသည်။

"တိတ်ပါ သမီးလေးရယ်။ မေမေ့ဆီ လိုက်ပို့မယ်နော်။ တိတ်တိတ်"

ကိုတင့်လွင်က ကားအရှိန်လျှော့မောင်းကာ သမီးလေးကိုငဲ့ကြည့်ပြီး လက်တစ်ဖက်က သမီးဆံပင်လေးကိုလှမ်းကိုင်ပွတ်သပ်ကာ ချော့လိုက်သည်။

"သမီး ငိုရဘူးလေ။ ဟိုရွှေ့ရောက်ရင် အရုပ်တွေဝယ်ပေးမယ်။ မုန့်တွေလဲဝယ်ပေးမယ်နော်။ သမီးက မငိုနဲ့နော်"

သမီးလေးကိုကြည့်ပြီးပြောလိုက်သော ကိုတင့်လွင်၏စကားသံက သိပ်ကိုနူးညံ့နေသလို မျက်ဝန်းများကလည်း ကြင်နာစွာ တဖျပ်ဖျပ်လက်နေ၏။ ပါးစပ်အဟောင်းသားနှင့် မခင်မေ ဘာထပ်ပြောရမည်ကိုသာ တွေးနေမိ၏။ သမီးလေးက ငိုရင်းမောသွားသည်ထင်၊ အိပ်ပျော်သွားသည်။

(၂)

ကားကို အရှိန်ပြန်မြှင့်ကာ မောင်းနေသော ကိုတင့်လွင်မျက်နှာကိုသာ မခင်မေ ငေးကြည့်နေမိသည်။ သူများ၏ရင်သွေးကို ခိုးယူလာနိုင်သည်ထိ သည်လူ့နှလုံးသားက စာနာစိတ်တရားကင်းမဲ့လှပါလားဟု တွေးမိသည်။ မခင်မေ၏ဘဝကလည်း ကိုတင့်လွင်လက်ခုပ်ထဲကရေ။ ကိုတင့်လွင်တို့အိမ်တွင် အိမ်အကူလုပ်ရသော မိခင်မှဆိုးမကြီးကွယ်လွန်သွားတော့ မခင်မေက ၁၅ နှစ်ပင်မပြည့်တတ်သေး။ ဘဘကြီးက မခင်မေကို သနားပြီး အိမ်အနောက်တန်းလျားမှ အိမ်ကြီးပေါ်တွင် အခန်းတစ်ခန်းပေးကာ နေစေခဲ့သည်။ ကျန်းမာရေးချူချာသော မခင်မေသည် ကျောင်းလည်း ငါးတန်းနှင့်ထွက်ခဲ့ရသည်။ အမေ့နေရာ အိမ်အကူလာလုပ်သော ဒေါ်တရုတ်မနှင့်အတူ မခင်မေလည်း အိမ်အလုပ်များကို အလိုက်တသိလုပ်သည်။ ကရင်ပြည်နယ်ဘက်တွင် ဆွေမျိုးများရှိသည်ကို အမေပြောပြဖူး၍ သိသော်လည်း မပြန်တတ်၊ မသွားတတ်။ အဖေဆိုသည်ကိုလည်း မမြင်ဖူးခဲ့။ မခင်မေ့စိတ်က အမြဲအားငယ်ညှိုးနွမ်းနေခဲ့ရသည်။ မခင်မေအသက် ၂၂ နှစ်အရွယ်တွင် ကိုတင့်လွင်က လက်ထပ်ယူခဲ့သည်။ အသက် ၁၀ နှစ်ကျော်ကြီးသော ကိုတင့်လွင်ကို အစ်ကိုကြီးလိုတစ်မျိုး၊ ကျေးဇူးရှင်လိုတစ်သွယ်၊ ခင်ပွန်းသည်လိုတစ်ဖုံ အားကိုးလေးစားချစ်ခင်စွာနေခဲ့သည်။ သားသမီးအလွန်ရချင်နေသော ခင်ပွန်း၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်စွမ်းမရှိသေး၍ အမြဲစိတ်မကောင်းဖြစ်နေခဲ့ရသည်။ ည ၈ နာရီခန့်တွင် ဆွာမြို့ထဲသို့ဝင်ရောက်လာသည်။

"ခင်မေ ဗိုက်ဆာပြီလား။ ထမင်းစားကြမလား"

"ဟုတ်ကဲ့"

ကားလမ်းဘေးက ထမင်းဆိုင်ကြီးတစ်ဆိုင်သို့ဝင်ကာ ထမင်းမှာလိုက်သည်။ အိပ်ပျော်နေသော သမီးလေးကိုပွေ့ထားရင်း မခင်မေ၏ ရင်တွင်း၌လည်း ကိုယ့်သမီးလေးလိုချစ်သည့်စိတ်များ တဖွားဖွား ဖြစ်ပေါ်နေသည်။

"ခင်မေ ဒီကိစ္စ ဘယ်သူမှသိလို့မဖြစ်ဘူးနော်။ ငါ ကွမ်းယာစောင့်ဝယ်နေတုန်း သမီးလေးက နောက်ကနေ ငါ့ဘောင်းဘီကိုလာဆွဲတာဟ။ ငုံ့ကြည့်လိုက်တော့ ရယ်ပြတယ်။ ငါလေ ဘယ်လိုချစ်သွားမှန်းမသိဘူး။ သူ့မိဘတွေပါလားလို့ ဘေးဘယ်ညာကြည့်လိုက်တော့လဲ မပါဘူးလေ။ အဲဒါနဲ့ တုတ်ထိုးချိုချဉ်လေးဝယ်ကျွေးပြီး ကလေးမိဘများလာရှာကြမလားလို့ စောင့်နေတာပါ"

"ဓမ္မာရုံကနေ ကလေးပျောက်ကြောင်း ကြော်ငြာသံကို မကြားဘူးလား။ ကျွန်မတောင် ကားပေါ်ကနေ ကြားတယ်လေ"

"အေး ကြားတယ်။ အဲဒီအသံကြားတာနဲ့ ငါ ဒီသမီးလေးကို အပိုင်လိုချင်သွားတာ။ ဖြစ်ချင်ရာဖြစ်ဟာ။ ငါတို့နဲ့ရေစက်ပါလို့ ငါ့ကိုလာဆွဲတဲ့ သမီးလေး။ မွေးရအောင်ပါ ခင်မေရာ။ နင်ဘာမှ ထပ်မပြောပါနဲ့ဟာ"

သူဖြစ်ချင်သည့်အလုပ်ဆိုလျှင် တစ်ချက်လွှတ်စကားပြောပြီးလုပ်တတ်သော ကိုတင့်လွင်က ယခုလို ညင်သာသောစကားများဖြင့် တောင်းဆိုနေခြင်းက သိပ်ကိုထူးခြားနေ၏။ မခင်မေ သက်ပြင်းအသာချမိသည်။ ကလေး၏မိဘများကိုလည်း များစွာစာနာသနားမိသည်။ ခင်ပွန်းသည်၏ဆန္ဒကိုလည်းမလွန်ဆန်နိုင်။ မကောင်းမှု၊ မတရားမှုဆိုသည်ကို သိသိနှင့်ပင် ဖြည့်ဖြည့်ဝိုင်းဝိုင်းသမီးလေးမျက်နှာလေးကို ငုံ့ပြီးနမ်းလိုက်တော့သည်။

(၃)

"ခင်မေ လာစမ်း။ နင့်လည်ပင်းက ဆွဲကြိုးချွတ်ပေးစမ်း။ ငါ့သမီးက ဆိုင်ကယ်အသစ်စီးချင်တာတဲ့"

"ဟင် ရွှေဆိုလို့ နားကပ်ရယ် ဒီဆွဲကြိုးရယ်ပဲရှိတော့တာ။ အရေးကြုံလို့ ငွေလိုရင်သုံးဖို့ ထားရမယ်လေ။ အခုဆိုင်ကယ်လဲကောင်းနေတာပဲကို"

"ပေးဆိုပေးစမ်းဟာ။ ငါ့သမီးကို အလိုလိုက်ရမယ်။ နင်မဝတ်ရတာအရေးမကြီးဘူး။ ပေး ပေးစမ်း"

မခင်မေ ဘာမှမတတ်နိုင်ပါ။ ကိုတင့်လွင်က သမီးကို အလိုလိုက်လွန်းသည်။ သမီးကိုခေါ်လာပြီးကတည်းက ကျောက်ဆည်တွင်ရှိသောပွဲရုံနှင့် အိမ်ခြံမြေကိုပါရောင်းချခဲ့ပြီး ဆွေမျိုးများကိုပါ အဆက်အသွယ်ဖြတ်ကာ မိုးညှင်းမြို့တွင် ပြောင်းနေခဲ့သည်။ နယ်မြေသစ်တွင် စီးပွားရေးကိုလည်း လည်ပတ်စွာမလုပ်တတ်ခဲ့။ ကျောက်အကြောင်းနားမလည်ပါဘဲ ဝယ်ရောင်းအလုပ်ဝင်လုပ်မိသဖြင့် ကားရောင်းလိုက်ရသည်ထိ အရှုံးပေါ်ခဲ့သည်။ ပါလာသောငွေများကလည်း သုံးရင်းစားရင်းဖြင့် တဖြည်းဖြည်းကုန်လာသည်။ အထည်ကြီးပျက် ကိုတင့်လွင်က ဘာအလုပ်မှ မည်မည်ရရမလုပ်တတ်တော့ နေရေးထက်စားရေးခက်လာ၍ ကျန်းမာရေးချူချာသော မခင်မေက အိမ်ရှေ့တွင် မုန့်တီခေါက်ဆွဲအသုပ်များ ရောင်းနေရသည်။

(၄)

"ဖေ့ နော်လို့ ကစ်ကစ်လိုက်သွားချင်လို့ပါ။ အမေ့ဆီက ပိုက်ဆံတောင်းပေး။ သုံးရက်တည်းပါ ဖေရဲ့"

ကိုတင့်လွင်ခါးကိုဖက်ပြီး သမီးလေး ကစ်ကစ်က သူငယ်ချင်းများနှင့် မြစ်ကြီးနားမြို့ကို အလည်လိုက်သွားချင်ကြောင်း ပူဆာနေသည်။ ကစ်ကစ်လေးက အလိုလိုက်သော ကိုတင့်လွင်ကို အဖေဟု ပီပီသသမခေါ်။ ငယ်စဉ်ကတည်းက ဖေ ဖေ့ ဟု ချွဲနွဲ့စွာခေါ်သည်။ ခေါ်လာခါစ ရက်အနည်းငယ်ကတော့ မေမေ့ဆီဆိုကာ ငိုတတ်သေးသည်။ အရုပ်များဝယ်ပေး၊ မုန့်များဝယ်ကျွေးနှင့် ချော့မြူလိုက်တော့ ကလေးသဘာဝ သူ့မိဘများကိုမေ့သွားတော့သည်။ သူ့ကိုယ်သူတော့ ကစ်ကစ်ကဟုသာ ပြောသည်။ ကိုတင့်လွင်ပေးခဲ့သည့် တင့်ရွှန်းမေဆိုသည့်နာမည်က ကျောင်းအမည်သာဖြစ်ခဲ့၏။ ကစ်ကစ်ဟုသာ အသိမိတ်ဆွေအားလုံးကခေါ်ကြသည်။

စာမျက်နှာ ၂၅သို့ ➤

# မြိတ်ကုန်သွယ်ရေးစခန်းက ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မတ် ၁၇**

မြိတ်ကုန်သွယ်ရေးစခန်းက ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြိတ်ကုန်သွယ်ရေးစခန်းက ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလက ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၈၅ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၇၅ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလက ပို့ကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၇၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆၅၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇန်နဝါရီလက ပို့ကုန်အနေဖြင့် ငါး အသားလွှာ ၂၄ ဒသမ ၄၈ တန်၊ ငါးမှုန့် ၃၄၆၂ ဒသမ ၂ တန်၊ မုတ်ခွဲ ၁၆ ဒသမ ၀၅ တန်၊ ကြက်သွန်နီ ၂၉၁ ဒသမ ၂၄ တန်၊ ရော်ဘာ ၁၁၀၈ ဒသမ ၈ တန် တင်ပို့ရောင်းချခဲ့ပြီး သွင်းကုန်အနေဖြင့် ဒီဇယ် ၂၂၈၄ ဒသမ ၇၂ တန်၊ ဓာတ်ဆီတန်ချိန် ၁၈၅၀ နှင့် လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းစာ တန်ချိန် ၄၂၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ထို့အတူ ဖေဖော်ဝါရီလကလည်း ပို့ကုန်အနေဖြင့် ငါးမှုန့် ၃၀၇၈ ဒသမ ၅တန်၊ ငါးကြိတ်သား ၄၁ ဒသမ ၇၆ တန်၊ မုတ်ခွဲ ၂၇ တန်၊ ကြက်သွန်နီ ၃၁၈ ဒသမ ၄ တန်၊ ရော်ဘာ ၁၂၀၉ ဒသမ ၆ တန် တင်ပို့ရောင်းချခဲ့ပြီး သွင်းကုန်အနေဖြင့် ဒီဇယ်တန်ချိန် ၁၀၇၀၀၊ ဓာတ်ဆီတန်ချိန် ၁၇၅၀ နှင့် လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းစာ တန်ချိန် ၁၂၀ တင်သွင်းခဲ့ကြောင်း သိရသည်။

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဖေဖော်ဝါရီလတွင် ဇန်နဝါရီလထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၅ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ SKL

---

➤ စာမျက်နှာ ၂၄ မှအဆက်

"ခင်မေ"

ကိုတင့်လွင်၏ခေါ်သံကြောင့် မခင်မေနားက နားကပ်လေးကို လက်ဖြင့် စမ်းကိုင်လိုက်မိသည်။ သိလိုက်ပါ၏။ ကစ်ကစ်အလိုကျ နားကပ်လေးက ငွေဖြစ်ပေးရတော့မည်ဆိုသည်ကို။ ကိုတင့်လွင်က သမီးလေးပျော်ပျော်ရွှင်ရွှင်သုံးနိုင်ရန် ငွေကို လုံလုံလောက်လောက်ပေးချင်ပေလိမ့်မည်။ ဘာစကားမှမဆိုတော့ဘဲ နားကပ်လေးချွတ်ကာ ပေးလိုက်တော့သည်။ ကိုတင့်လွင်ကတော့ သမီးလေးပျော်ရွှင်နေရေးသာ အဓိက။

"ခင်မေရာ။ ငါသမီးလေးကို ဘယ်လိုချစ်မှန်းကို မသိဘူး။ အခုလဲ မြစ်ကြီးနားကိုအလည်သွားတာသုံးရက်တည်းဆိုပေမဲ့ ငါ့ရင်ထဲမှာ ငါ့ကို ခွဲသွားသလိုကြီးခံစားရတယ်"

ညရောက်သည့်အခါ တစ်နေကုန်ဈေးရောင်းထားရသော မခင်မေ ပင်ပန်းပြီးအိပ်ချင်နေသော်လည်း ကိုတင့်လွင်စကားကို နားထောင်ပေးနေရသည်။

"တစ်ခါတလေ ငါတွေးမိပါတယ်ဟာ။ သမီးလေးကို ငါဒီလောက်ချစ်တာ။ သူ့မိဘတွေဆိုရင် ဘယ်လောက်ချစ်ကြမလဲလို့ အခုတွေးမိပြန်ပြီ။ သမီးလေးက ခဏအလည်သွားတာတောင် ငါလွမ်းလိုက်တာ။ သူ့မိဘတွေဆိုရင် သမီးကိုရှာမတွေ့တော့လို့ ဘယ်လောက်ကြေကွဲပြီး လွမ်းနေကြမလဲ။ ဟူး"

ဟုတ်ပေသည်။ သမီးလေးနှင့် ကိုတင့်လွင် တစ်ညပင်မခွဲဖူးခဲ့ပါ။ ချစ်လိုက်သည်မှာအလွန်။ သမီးဝေယျာဝစ္စ၊ ကျောင်းပို့ကျောင်းကြိုအစ။ သမီးက ယခု ကိုးတန်းဖြေထားပြီး အပျိုပေါက်အရွယ်လေးဖြစ်လာတော့ ကိုတင့်လွင်မှာ သမီးကိုထားစရာနေရာမရှိနိုင်အောင်ကိုဖြစ်နေ၏။ အလည်ခေါ်သွားသော သမီးသူငယ်ချင်း၏အမေကိုလည်း သမီးကို ဂရုစိုက်ပေးရန် အထပ်ထပ်မှာလိုက်သေးသည်။

"ကိုရယ် သန်ဘက်ခါဆို သမီးလေးပြန်လာမှာပဲ။ အဲဒီလောက်ကြီးဖြစ်မနေပါနဲ့။ အခုကတည်းက စိတ်ကိုပြင်ဆင်ထားအုံး။ နောက်ဆိုရင် သမီးက အိမ်ထောင်ကျသွားတာမျိုး၊ ခင်မေတို့ကို ထားခဲ့တာမျိုးလဲ ဖြစ်လာနိုင်တယ်လေ"

"ဘာ"

အိပ်နေရာမှ ဆတ်ခနဲထထိုင်ကာ ကိုတင့်လွင်က စူးစူးဝါးဝါးအော်လိုက်၍ မခင်မေလန့်သွားသည်။

"ခင်မေ မင်းပြောရက်လိုက်တာ။ ငါ့သမီးက ကလေးရှိသေးတာကွ။ အိမ်ထောင်ကျတာတွေ ဘာတွေနောက်မပြောနဲ့။ ငါမကြိုက်ဘူး"

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဆို့ဆို့နင့်နင့်ပြောလိုက်သော ကိုတင့်လွင်စကားကြောင့် မခင်မေ အတော်စိတ်မကောင်းဖြစ်မိသည်။ ခင်ပွန်းကိုကြည့်ပြီး မျက်ရည်များလည်လာမိသည်။ ကိုတင့်လွင်ကျောကို အသာပုတ်ပြီး-

"ကိုမကြိုက်ရင် နောက်မပြောတော့ပါဘူး။ သမီး ဆယ်တန်းကို နှစ်ချင်းပေါက်အောင်အောင် ခင်မေတို့ကြိုးစားပေးရအုံးမယ်နော်။ မှော်ထဲမှာ ဘက်ဟိုးသွားမောင်းဖို့စဉ်းစားပြီးပြီလား"

"အင်းပါ။ ငါပိုက်ဆံရှာပါ့မယ်။ ခက်တာက ငါသမီးနဲ့ ကြာကြာ မခွဲနိုင်တာ"

"ကဲ. . . အိပ်ကြပါစို့ကိုရယ်။ ခင်မေပင်ပန်းလို့ အိပ်ချင်နေပြီ"

မခင်မေ အိပ်ရာပေါ် လှဲချပြီး ခဏတွင်းအိပ်ပျော်သွားသော်လည်း ကိုတင့်လွင်က သမီးကိုလွမ်းပြီး အိပ်မပျော်တော့ချေ။

(၅)

"ခင်မေ ခင်မေ ငါ ငါ သမီးနဲ့မခွဲနိုင်ဘူး။ အီး ဟီး ဟီး"

ဟန်မဆောင်နိုင်ဘဲ ကလေးတစ်ယောက်လို ချုံးပွဲချငိုနေသော ကိုတင့်လွင်ကိုဖက်ကာ မခင်မေလည်းမျက်ရည်မဆည်နိုင်ပါ။ တိုက်ဆိုင်လွန်းသည်လား၊ ပိုင်ရှင်အမှန်ထံသို့ပြန်အပ်ရန် အချိန်ကျသည်လားမဆိုနိုင်။ မြစ်ကြီးနားရှိ မြစ်ဆုံတွင် ရေတာရှည်မှလာကြသော သမီး၏ မိဘများနှင့် သမီးတို့တွေ့ကြသည်။ သမီး၏ထူးခြားချက်က ဘယ်ဘက်ခြေသန်းလေးမှာ ခြေပွားလေးအပိုပါသည်။ ကစ်ကစ်ကဟု သူ့ကိုယ်သူပြောတတ်ခြင်းနှင့် သူ့မိခင်နှင့် ရုပ်ချင်းအလွန်တူနေခြင်းတို့ကြောင့် ပျောက်သွားသော သမီးလေးကို အနယ်နယ်အရပ်ရပ်၌ လိုက်ရှာနေသော မိဘများက ပြန်တွေ့သွားချေပြီ။ ရပ်ကွက်လူကြီးများက ညှိနှိုင်းဖြေရှင်းပေးကြခြင်းကြောင့် လွန်ခဲ့သော ၁၃ နှစ်က ကလေးခိုးခဲ့သောအပြစ်ကို အရေးမယူကြဘဲ သမီးလေးအရင်းလို ချစ်မြတ်နိုးပြီး ကောင်းမွန်စွာမွေးမြူခဲ့ခြင်းနှင့် စောင့်ရှောက်ခဲ့ကြခြင်းတို့ကိုထောက်ထားပြီး ခွင့်လွှတ်ပေးကာ သမီးကိုပြန်ခေါ်သွားမည်ဖြစ်၏။

"ဖေ့ သမီး ပညာတတ်ကြီးဖြစ်အောင်ကြိုးစားမယ်နော်။ သမီး နောက်ကျရင် ဖေနဲ့အမေကို လာခေါ်မယ်နော်။ သမီး ကန်တော့ခဲ့မယ်နော်"

ကိုတင့်လွင်နှင့် မခင်မေကို ကစ်ကစ်လေးက မျက်ရည်များနှင့် ကန်တော့ခဲ့သည်။ ကစ်ကစ်လိုက်ပါသွားသောကားလေးကို မျက်စိတစ်ဆုံးငေးကြည့်နေရင်း ကိုတင့်လွင် နှလုံးကြေကွဲကာ သတိလစ်လဲကျသွားသည်။ အိမ်နီးနားချင်းများ၏အကူအညီဖြင့် ဆေးရုံပို့ကုသရသည်။ ဆေးရုံမှပြန်ဆင်းလာပြီးနောက် ကိုတင့်လွင် စကားမပြောတော့ပါ။ မခင်မေ ဈေးရောင်းနေသည့်ဘေးတွင် ထိုင်ခုံလေးပေါ်၌ ငြိမ်ငြိမ်လေးသာ ထိုင်နေတော့သည်။ လက်ထဲတွင် တုတ်ထိုးချိုချဉ်လေးများကိုင်ထားကာ နှစ်နှစ်အရွယ်သမီးလေးများတွေ့တိုင်း ပြုံးပြပြီး ချိုချဉ်ကျွေးနေတော့သည်။

---

## အညာနွေဦး

\- အညာနွေဦး
လေရူးက တသုန်သုန်၊
ဥသြငယ် တွန်သံလွမ်းတော့
လွမ်းဖွယ့်ဖြစ်ပုံ၊
တွေးစရာအစုံ
အဆွေးဖြာငုံ သိပ်များ၊
ဘယ်ဆီကို မျှော်ရည်မှန်းလို့
လွမ်းရမည်လား။

\- အညာနွေဦး
မြူးလေတဲ့ ဆက်ရက်သံ၊
ပေါက်၊ လက်ပံ နီနီထက်က
ဝဲလျက်နေပြန်၊
အဖော်တစ်အုပ် သရုပ်သဏ္ဍာန်
ညံစာစာ သဘာဝ၊
ရှုမြင်သူ ဘဝင်တွေ့မဲ့
ချမ်းမြေ့အလှ။

\- အညာနွေဦး
ပုရစ်ဖူးတို့ ငုံစီစီ၊
ဟောင်းရွက်ကြွေ ရွက်သစ်ပြောင်းလို့
ဂုဏ်ဆောင်းဝေစည်၊
ဘယ်ဆေးပန်းချီ
ရေးမမီ ပုံရိပ်များ၊
ကြည်နူးဖွယ် အလှအပရယ်က
ရွှင်ပျဖွယ်သား။

\- အညာနွေဦး
သာပုံထူးပါတဲ့ ထန်းတောဝယ်၊
အပေါင်းဖော် သူငယ်ချင်းတွေနဲ့
ပျော်ရွှင်းပေါ့ကွယ်၊
ပင်ကျရည်လေး တသွယ်သွယ်
ခံတွင်းဝယ် ချိုမြိန်ပါ့၊
နွေတေးကို ရေးသီကုံးတော့
မဆုံးနိုင်အောင်လှ။ ။

**ခင်မောင်မြင့်**

---

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကြံစိုက်ပျိုးထုတ်လုပ်ခြင်း၏ သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှု



ကမ္ဘာ့ကုန်ထုတ်လုပ်မှုတိုးတက်လာပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရ ကြံစိုက်ခင်းများသည် လက်ရှိတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဟက်တာ ၂၆ သန်းထိရှိကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ကြံတန်ချိန် ၇၆၄ သန်းကျော် ထုတ်လုပ်ပြီး ကမ္ဘာ့ထိပ်တန်းကြံတင်ပို့သည့်နိုင်ငံဖြစ်လာသည်။ ဘရာဇီးနိုင်ငံသည် ထိပ်တန်းကြံတင်ပို့ထုတ်လုပ်သူဖြစ်လာသည့်အခါ ၎င်း၏နယ်မြေ၌ ဂေဟစနစ်အတွက် အရေးပါဆုံးတစ်ခုဖြစ်သည့် အမေဇုန်သစ်တောနှင့် သစ်တောကိုမှီတင်းနေထိုင်ကြသော တောရိုင်းတိရစ္ဆာန်များတွင် ကြံစိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့်အကျိုးဆက်များကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ကြသည်။

ထိုသို့ လေ့လာမှုများကြောင့် ကြံ၏ဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များအပေါ် သက်ရောက်မှုများကို တွေ့ရှိလာခဲ့ရပြီး ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့်ဆက်စပ်သည့် အန္တရာယ်များကိုဖော်ပြခဲ့သည်။ ကြံမှ အီသနော ထုတ်လုပ်ပြီး ၎င်းအီသနောကိုသန့်ရှင်းသောလောင်စာအဖြစ်ရောက်ရှိအောင် ဆောင်ရွက်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ အီသနောသည် "ဇီဝလောင်စာ" ဟုလူသိများသော အပင်အမျိုးမျိုးမှထုတ်လုပ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လောင်စာဖြစ်သည်။

ထို့ကြောင့် အမေရိကန်တွင် အဓိကအားဖြင့် စိုက်ပျိုးသောပြောင်းသီးနှံများသည် အီသနောထုတ်ရန်အတွက်ဖြစ်ပြီး ၎င်းအီသနောသည် တောရိုင်းတိရစ္ဆာန်များအတွက် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။ ထိုသို့အီသနောထုတ်လုပ်ရခြင်းမှာ လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက ရုပ်ကြွင်းလောင်စာများနေရာတွင် အီသနောကို အစားထိုးပြီး ကာဗွန်ထုတ်လွှတ်မှုကို ကန့်သတ်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် အီသနောကို အရေးကြီးသောဇီဝလောင်စာအဖြစ် ယူဆခဲ့ကြခြင်းကြောင့်ဖြစ်သည်။

ကိုလိုနီခေတ်တွင် ဘရာဇီး၏ကြံထုတ်လုပ်မှုသည် အရှေ့မြောက်ဒေသများတွင် ပိုမိုများပြားခဲ့ပြီး ၂၀ ရာစုတွင် ဆောပေါ်လိုပြည်နယ်သည် ဘရာဇီးနိုင်ငံမှ တင်ပို့သောကြံ၏ ၆၀ ရာခိုင်နှုန်းကိုစိုက်ပျိုးသော အဓိကကြံစိုက်ပျိုးထုတ်လုပ်သူဖြစ်လာခဲ့သည်။ ကြံများ ကြီးထွားလာခြင်းသည် သစ်တောပြုန်းတီးမှုကိုဖြစ်စေသည်။ ဘရာဇီးနိုင်ငံသည် ၁၁ နှစ်တာကာလအတွင်း ကြံထုတ်လုပ်မှု ဟက်တာ ၉ ဒသမ ၁ သန်းထိ တိုးတက်ခဲ့သည်။ ထိုသို့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာခြင်းသည် တိရစ္ဆာန်များသေဆုံးရခြင်းဖြစ်စေသည်ကိုရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုသို့ကြံ၏သဘာဝပတ်ဝန်းကျင်အပေါ် ကြံကြောင့်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တိရစ္ဆာန်ထောင်ပေါင်းများစွာကို ထိခိုက်စေမှုများကို ဖြစ်စေခဲ့သည်။ ဘရာဇီးနိုင်ငံသည် ဇီဝလောင်စာဆီနှင့် ပြည်ပပို့ကုန်အတွက် ပြည်တွင်းဝယ်လိုအားစသည်တို့ကိုဖြည့်ဆည်းရန် အီသနောထုတ်လုပ်မှုကို တိုးမြှင့်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် အီသနောလီတာပေါင်းများစွာထုတ်လုပ်ခဲ့သည့်အထဲမှ ၂ ဒသမ ၆၇ ဘီလီယံခန့်ကို ပြည်ပသို့တင်ပို့ခဲ့သည့်အတွက် အဓိကအီသနောတင်ပို့သူဖြစ်လာခဲ့သည်။ အီသနောထုတ်လုပ်ရန်အတွက် လိုအပ်သော ကြံသီးနှံများရရှိရန်အတွက် လျင်မြန်စွာတိုးချဲ့စိုက်ပျိုးလာမှုများပြုလုပ်လာခြင်းသည် အရေးကြီးသော ပတ်ဝန်းကျင်ဂေဟစနစ်များ၏ နယ်နိမိတ်များအထိ တိုးချဲ့စိုက်ပျိုးမှုများရောက်ရှိလာသည်။ ဆိုလိုသည်မှာ ကြံစိုက်ပျိုးခြင်းသည် အမေဇုန်သစ်တောနယ်နိမိတ်ထိ တိုးချဲ့စိုက်ပျိုးလာကြခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ်တွင် ဘရာဇီးနိုင်ငံအလယ်ပိုင်းရှိ အရေးကြီးသော ဂေဟစနစ်ဖြစ်သည့် ကမ္ဘာ့အကြီးဆုံး အပူပိုင်းဒေသနှင့် ကမ္ဘာ့အကြီးဆုံး ရေလွှမ်းမြက်ခင်းများလွှမ်းခြုံထားသော အမေဇုန်သစ်တောနှင့် အနောက်တောင်ပိုင်းတွင်ရှိသော ပါရာဂွေးမြစ်ဝှမ်းအထက်ပိုင်းတို့တွင် ကြံစိုက်ပျိုးခြင်းကို ဥပဒေထုတ်ကာတားမြစ်ခဲ့သည်။ ပါရီသဘောတူညီချက်တွင် ဖော်ပြထားသည့်အတိုင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်အတွက် နိုင်ငံသည် ရေရှည်တည်တံ့သော ဇီဝလောင်စာများ ထုတ်လုပ်မှုကို တိုးမြှင့်ရမည်ဟူသော အစိုးရ၏ ရည်ရွယ်ချက်ကြောင့် ၂၀၁၉ ခုနှစ်တွင် သမ္မတဂျဲဘောဆိုနာရိုးက အထက်ပါဥပဒေကို ရုပ်သိမ်းခဲ့ပြီး အဆိုပါဒေသများတွင် ကြံစိုက်ပျိုးခြင်းကို ပြန်လည်ခွင့်ပြုခဲ့သည်။

ထိုသို့ စိုက်ပျိုးခွင့်ပြုလိုက်ခြင်းကြောင့် ၎င်းဒေသများရှိ ရှိရင်းစွဲ ကောက်ပဲသီးနှံစိုက်ပျိုးခြင်းများနှင့် နွားမွေးမြူရေးလုပ်ငန်းများနေရာတွင် ကြံစိုက်ခင်းများဖြင့် အစားထိုးလိုက်ခြင်းကြောင့် သစ်တောများကိုပြောင်းလဲသွားစေပြီး အသီးအရွက်များဖျက်ဆီးခံရကာ တောရိုင်းတိရစ္ဆာန်များကို ပျက်စီးစေခဲ့သည်။ ထို့ပြင် ကုမ္ပဏီကြီးများသည် ကြံထုတ်လုပ်ရန် လယ်ယာမြေများကို ဝယ်ယူလိုက်ကြခြင်းကြောင့် လယ်ယာလက်မဲ့ဖြစ်သွားသော လယ်သမားငယ်များသည် သစ်တောထဲတွင် သွားရောက်စိုက်ပျိုးခြင်းများ ပြုလုပ်ကြသည့်အတွက် ပျက်စီးဆုံးရှုံးမှုများ ပိုမိုဖြစ်ပွားစေသည်။ ထို့ပြင် အမေဇုန်တွင်မြင့်တက်လာသောသစ်တောပြုန်းတီးမှုသည် ထိုဒေသတွင် ကြံထုတ်လုပ်မှုကို တရားဝင်ခွင့်ပြုပြီးကတည်းက ၈၅ ရာခိုင်နှုန်းထိတိုးလာပြီး တောမီးလောင်ကျွမ်းမှုလည်း ၃၀ ရာခိုင်နှုန်းထိ တိုးလာခဲ့သည်။ သစ်တောပြုန်းတီးမှုသည် တောမီးလောင်ကျွမ်းမှု၏ အဓိကအကြောင်းရင်းများထဲမှတစ်ခုဖြစ်ပြီး တောမီးလောင်ကျွမ်းမှုသည် မြေဆီလွှာကိုခြောက်သွေ့သွားစေပြီး အလွယ်တကူမီးကူးစက်မှုကို ဖြစ်စေသည်။

တောရိုင်းတိရစ္ဆာန်များအပေါ် ကြံ၏ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော အပျက်အစီးအဆိုးဆုံးများထဲကတစ်ခုမှာ ရိတ်သိမ်းပြီးနောက် မြေယာရှင်းလင်းရေးကြောင့် မြေကို မီးရှို့ကာ အခြားသီးနှံအတွက် မြေဆီလွှာပြင်ဆင်ခြင်းပင်ဖြစ်သည်။ ထိုသို့ မြေယာရှင်းလင်းမီးရှို့ခြင်းကြောင့် အနီးအနားရှိ တိရစ္ဆာန်များစွာ မီးလောင်သေဆုံးခြင်း သို့မဟုတ် ဒဏ်ရာရခြင်းတို့အပြင် ကောက်ပဲသီးနှံများကိုမှီခိုကာ နေထိုင်ကျက်စားကြရသော တိရစ္ဆာန်များဖြစ်သည့် နို့တိုက်သတ္တဝါငယ်များ၊ ငှက်များ၊ မြွေများ စသည်တို့သည်လည်း အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးကြရသည်။

ထို့ပြင် အီသနောထုတ်လုပ်မှုသည် ငါးများနှင့် အခြားရေနေသတ္တဝါများအတွက် အလွန်အန္တရာယ်ဖြစ်စေသည့် အဆိပ်အတောက်စွန့်ပစ်ပစ္စည်းများကို ထုတ်လုပ်ပေးသည်။ ထို့ကြောင့် အီသနောထုတ်လုပ်ခြင်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကိုမြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းကိုတားမြစ်ထားသော်လည်း အလေ့အကျင့်တစ်ခုလိုဖြစ်နေကြသည့်ဒေသခံများသည် အလွယ်တကူပင်မြစ်ချောင်းများထဲသို့ စွန့်ပစ်မြဲဖြစ်သည်။ ၎င်းစွန့်ပစ်အမှိုက်များကိုရေထဲသို့ မစွန့်ထုတ်လျှင်တောင်မှ ၎င်းအဆိပ်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် မြေဆီလွှာနှင့် မြေအောက်ရေကို ညစ်ညမ်းစေနိုင်သည်။ အဆိပ်အတောက်ရှိသောစွန့်ပစ်ပစ္စည်းများစွာသည် ထောင်ပေါင်းများစွာသော ငါးများသေဆုံးမှုကိုဖြစ်စေပြီး ရေနေမျိုးစိတ်များကို စားသောက်ရှင်သန်ကြသောသားကောင်များနှင့် နို့တိုက်သတ္တဝါများ သေဆုံးမှုများကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ သက်ရောက်သည့်အပြင် သစ်တောများ၏ရှင်သန်မှုကို အထောက်အကူဖြစ်စေသော ဝတ်မှုန်ကူးမှုတွင် ပါဝင်သည့် မျိုးစိတ်များကိုထိခိုက်စေပြီး ဂေဟစနစ်၏သဘာဝမျှတမှုကိုလည်း ထိခိုက်စေသည်။

ဆောပေါ်လိုပြည်နယ်တွင် ကြံစိုက်ပျိုးထုတ်လုပ်မှုကြီးထွားလာမှုကြောင့် သစ်တောများ အကွဲကွဲအပြားပြားဖြစ်ကာ ညစ်ညမ်းသော ရေလမ်းကြောင်းများမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခဲ့ရသည်။

အီသနောထုတ်လုပ်မှုကိုထောက်ခံပြီး ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချကာ ရာသီဥတုဖောက်ပြန်မှုကို တိုက်ဖျက်နိုင်သည့်အတွက် အီသနောထုတ်လုပ်မှုကို ထောက်ခံသူများလည်းရှိသည်။ သို့ရာတွင် မိုးသစ်တောများပျက်စီးခြင်းကိုဖြစ်စေသော အီသနောသည် အပူပိုင်းသစ်တောများကို ကာဗွန်ရန်မှ တားဆီးပေးသည်။ အမေဇုန်သစ်တောပြုန်းတီးမှုသည် ကာဗွန်ကြောင့်ဖြစ်ပြီး ဆိုလိုသည်မှာ သစ်တောသည် ကာဗွန်ကို စုပ်ယူခြင်းကြောင့် ပျက်စီးစေခြင်းဖြစ်သည်။ ယခုအခါ အမေဇုန်သစ်တောသည် တစ်နှစ်လျှင်ကာဗွန်တန်ချိန် သုည ဒသမ ၃ ဘီလီယံထုတ်လွှတ်နေသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် နွားမွေးမြူရေးနှင့် ပဲပိစပ်သီးနှံများကြောင့် သစ်တောပြုန်းတီးမှုသည် အရေးကြီးသော အကြောင်းရင်းများဖြစ်သော်လည်း ကြံထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ဆက်လက်ပင်အရှိန်မြှင့်လျက်ရှိသည်။ ကြံစိုက်ခြင်းသည် လယ်ယာမြေကို ခြောက်သွေ့သွားစေပြီး စိုက်ခင်းနယ်နိမိတ်အတွင်းရှိ ရေကိုများစွာစုပ်ယူစားသုံးသည့် သီးနှံဖြစ်သဖြင့် အခြားသောသီးနှံပင်များပျက်စီးကုန်သည်။ ထို့ပြင် ကြံများကိုရိတ်သိမ်းပြီးနောက် မီးရှို့ခြင်းအလေ့အကျင့်သည် စိုက်ပျိုးမြေဧရိယာကို ပိုမိုခြောက်သွေ့စေပြီး ကာဗွန်ထုတ်လွှတ်မှုကို ပိုမိုဖြစ်ပွားစေသည်။

ထို့ပြင် ကြံထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် မြေသြဇာအဖြစ် နိုက်ထရိုဂျင်ကို အသုံးပြုခြင်းကြောင့် ကြံသီးနှံများသည် ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆ ၃၀၀ ပိုမိုမြင့်မားသော ကမ္ဘာကြီးပူနွေးလာနိုင်သည့်အစွမ်းထက်သော ဖန်လုံအိမ်ဓာတ်ငွေ့ နိုက်ထရိုဂျင် (N2O)ကို ထုတ်လွှတ်သည်။ ၎င်းဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးလာမှု၏ ခြောက်ရာခိုင်နှုန်းကိုဖြစ်စေသည်။ ကြံသည် အခြားသီးနှံများထက် ရေချိုကို ပိုဖြုန်းတီးသည့် စိုက်ပျိုးသီးနှံဖြစ်ပြီး ကြံမှ အီသနော တစ်လီတာထုတ်လုပ်ရန် ရေ ၁၄၀၀ လီတာလိုအပ်ပြီး သကြား တစ်ကီလိုဂရမ်ထုတ်လုပ်ရန် ရေ လီတာ ၁၅၀၀ မှ လီတာ ၃၀၀၀ လိုအပ်သည်။ ဘရာဇီးတောင်ပိုင်းတွင် ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ခုအရ သကြားတစ်တန်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၂၄၀၆ ကီလိုဂရမ်လေထုထဲသို့ ထုတ်လွှတ်ကြောင်း လေ့လာတွေ့ရှိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရေးကြီးသော ကြံမှရရှိသောထုတ်ကုန်များသည် ထုတ်လုပ်သူ၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအပေါ်တွင် သတ်မှတ်ချက်ရှိသင့်သည်။ ယေဘုယျအားဖြင့် ကြံလုပ်ငန်းအတွင်း ပိုမိုပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သည်။ ထို့ပြင် ကြံလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို တိုင်းတာရန်နှင့်တွေ့ရှိချက်များကို လူသိရှင်ကြားပြသရန် အဖွဲ့အစည်းများနှင့်လူထုတို့ပူးပေါင်းလုပ်ဆောင်သင့်သည်။ ထို့ပြင် သကြားထုတ်လုပ်မှု၏ အကျိုးသက်ရောက်မှုနှင့် သကြားအရင်းအမြစ်များကို ရွေးချယ်ရာတွင် အရေးကြီးကြောင်း လူထုကို ပညာပေးရန်လိုအပ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်အသုံးပြုနိုင်သော ကျန်းမာပြီးသဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် သကြားများကို အစားထိုးရွေးချယ်မှုများပြုလုပ်နိုင်ရန်အတွက် နောက်ထပ်သုတေသနများပြုလုပ်ရန် လိုအပ်နေသေးကြောင်း ဗဟုသုတအနေဖြင့် ရေးသားအပ်ပါသည်။

**How Sugarcane Production Harms Wild Animals ကို ဘာသာပြန်ဆိုပါသည်။**

**မေဇင်ထွန်း**

# ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၇၇ သန်းဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၃၈၀၀ တင်သွင်းခဲ့



**နေပြည်တော် မတ် ၁၇**

ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၅၇၇ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၃၈၀၀ တင်သွင်းခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာများကို ပြည်တွင်းတွင်ထုတ်လုပ်မှုရှိနေသော်လည်း မြန်မာနိုင်ငံ၏ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာသည့် စိုက်ပျိုးရေးလုပ်ငန်းများ၏ လိုအပ်ချက်အရ ပြည်ပမှ တင်သွင်းလျက်ရှိကြောင်း သိရသည်။

ထိုသို့တင်သွင်းရာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၁၂ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၀၃၀၀ ကျော်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၃၅၀၀ ကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၇၇ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၃၃၈၀၀ တင်သွင်းခဲ့ရသည်။

ဖေဖော်ဝါရီလအတွင်း ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့ရာတွင် တရုတ်နိုင်ငံမှ တန်ချိန် ၁၇၀၀၀ ကျော်၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ တန်ချိန် ၆၅၀၀၊ ဘယ်လ်ဂျီယံနိုင်ငံမှတန်ချိန် ၂၀၀၀၊ ထိုင်းနိုင်ငံမှတန်ချိန် ၁၅၀၀၊ ဂျော်ဒန်နိုင်ငံမှ တန်ချိန် ၃၀၀၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၄၀၀၊ အမေရိကန်နိုင်ငံမှ တန်ချိန် ၃၀၀၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၅၀၀၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၀၀ နှင့်ဗီယက်နမ်နိုင်ငံမှတန်ချိန် ၇၀၀ စုစုပေါင်းတန်ချိန် ၃၀၃၀၀ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းခဲ့ရာတွင်လည်း တရုတ်နိုင်ငံမှတန်ချိန် ၂၂၀၀၊ ထိုင်းနိုင်ငံမှ တန်ချိန် ၈၀၀ နှင့် အိန္ဒိယနိုင်ငံမှ တန်ချိန် ၅၀၀ စုစုပေါင်းတန်ချိန် ၃၅၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SKL

# ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပြည် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ဆိုလာစနစ်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် ဝန်ထမ်းများက ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ဆိုလာစနစ်သုံး ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ခဲ့မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ရွှေပြည်သာကွက်သစ်ကျေးရွာ၌ ၄၅၀ ဝပ် ဆိုလာ ၁၄ ချပ် တပ်ဆင်ခြင်းလုပ်ငန်း၊ 3HP ဆိုလာသုံး ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၈၈၅ သန်းအသုံးပြုပြီး GLS Engineering ကုမ္ပဏီက ဇန်နဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပြောပြ၍ သိရသည်။

**ကိုညီ**

# ပြင်ဦးလွင်မြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကမ္ဘာ့အထူးတန်းဝင် ဂေးရှားကော်ဖီ ယခုနှစ်တွင် စံချိန်တင်ဈေးကောင်းရရှိ

**ပြင်ဦးလွင် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကမ္ဘာ့အထူးတန်းဝင် ဂေးရှားကော်ဖီ ယခုနှစ်တွင် စံချိန်တင်ဈေးကောင်း ရရှိနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ ဧဟိုအလုပ်အမှုဆောင် ဦးဇော်မင်းသန်းက ပြောပြ၍ သိရသည်။

အဆိုပါ ကမ္ဘာ့အထူးတန်းဝင် ဂေးရှားကော်ဖီသည် ကုန်းမြင့်ကော်ဖီအမျိုးအစားဖြစ်ပြီး ယခုနှစ်ကော်ဖီခူးဆွတ်ချိန်တွင် အခြားကော်ဖီ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာသာ ဈေးရရှိသော်လည်း ဂေးရှားကော်ဖီ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ထိ ဈေးရရှိကြောင်း သိရသည်။

“ဂေးရှားကော်ဖီမျိုးက ကမ္ဘာ့အကောင်းဆုံးကော်ဖီ နိုင်ငံခြားက တင်သွင်းတဲ့မျိုးဖြစ်ပြီး မူရင်းနိုင်ငံကတော့ ပနားမားကပါ။ ဒီနှစ် ဂေးရှားကော်ဖီ တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၂၀ နဲ့ ဝယ်တဲ့အတွက် စံချိန်တင်ဈေးကောင်းရရှိတာပါ။ ကော်ဖီရာသီချိန်ပြည်ပက အော်ဒါမှာယူတဲ့ အထူးတန်းဝင်ကော်ဖီတွေကို ဧပြီလနဲ့ မေလအတွင်းစတင်တင်ပို့ပါတယ်။ ဂေးရှားကတော့ စိုက်ဧကနည်းပါတယ်။ ပြင်ဦးလွင်မှာလဲ ၁၀ ဧကအောက်လောက်ပဲ စိုက်ထားပါတယ်”ဟု ဦးဇော်မင်းသန်းက ပြောပြသည်။



အထူးတန်းဝင်ကော်ဖီများကို ဥရောပနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချလေ့ရှိပြီး ထိုင်းနိုင်ငံသို့ ကော်ဖီစိမ်း အဓိကတင်ပို့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထူးတန်းဝင်ကော်ဖီများကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် ရွာငံ၊ နောင်ချိုမြို့နယ်နှင့် ချင်းပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

ASH

# မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သိမ်ကုန်းအုပ်စု သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သိမ်ကုန်းမြောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ် ထိန်ပင်ကွင်းကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဟသ်ာတ မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ထိန်ပင်ကွင်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တာတာအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထိန်ပင်ကွင်းကျေးရွာ၌ ကျေးရွာတွင်း ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးရန် ဆွေးနွေးမှာကြားသည်။

ထိန်ပင်ကွင်းကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၀ ပေနှင့် အမြင့် ခြောက်လက်မရှိ ရွာတွင်း ချောင်းကျောက် လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၁ ဒသမ ၆ သန်းအပြင် ပြည်သူထည့်ဝင် ငွေကျပ် သုည ဒသမ ၅ သန်း အကုန်အကျခံကာ ဖေဖော်ဝါရီ ၁၈ ရက်က ကျေးရွာသူ၊ ကျေးရွာသားများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တာတာအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ခေတ်မရွေးတဲ့ကဗျာ(၁၅)

**မန်းတင့်မော်**

တပေါင်းလကုန်ခဲ့ပြီ။ နွေသရုပ်ကမပီတပီ။ ရာသီပြောင်းချိန်ရောက်သော်လည်း နံနက်ခင်းများကအေးမြနေဆဲ။ နှင်းလား၊ မြူလားမကွဲဘဲ ဝန်းကျင်တစ်ခွင်မှိုင်းမှုန်နေလျက်ရှိသေးသည်။ နွေ၏ပူရှိန်ပြင်းမှုကနေ့လယ်နေ့ခင်းတွင် စတင်ခံစားရပြီလည်းဖြစ်သည်။ မြန်မာ့ရာသီဥတုသုံးမျိုးရှိသည့်အနက် နွေဦးရာသီကိုအလှဆုံးဟုဆိုကြပါသည်။ မိုးလည်းမိုးအလျောက်၊ ဆောင်းလည်းဆောင်းအလျောက် အလှကိုယ်စီရှိကြသည်သာဖြစ်ပါ၏။ လအားဖြင့် ဆယ့်နှစ်လရှိရာ မြန်မာနှစ်အရ နှစ်အဆုံးတပေါင်းလကို အသာယာဆုံးလဟူ၍လည်း ဆိုကြပြန်ပါသည်။ တပေါင်းသာခေါင်လများနောင်ဟူ၍လည်း ညွှန်းဆိုလေ့ရှိကြပါသေးသည်။

တပေါင်းပြီးလျှင် မြန်မာ့နှစ်ကူး တန်ခူးလသို့ ကူးပြောင်းတော့မည်။ တန်ခူးလကို ထန်းခူးသောလဟူ၍လည်း သတ်မှတ်လေ့ရှိသည်။ ထန်းပင်များမှ ထန်းရည်များ လှိုင်လှိုင်ထွက်သောအခါလည်းဖြစ်သည်။ တန်ခူးမရောက်မီ တပို့တွဲ၊ တပေါင်းလကတည်းကပင် အညာထန်းသမားမိသားစုများက ထန်းလုပ်ငန်းများအတွက် စတင်ပြင်ဆင်ကြရသည်။ မြန်မာနိုင်ငံအတွင်း လေတိုက်ခတ်ခြင်းကို မြောက်မှတောင်၊ တောင်မှမြောက် လမ်းကြောင်းအတိုင်း အခြေခံအားဖြင့် တိုက်ခတ်လေ့ရှိကြောင်း မှတ်သားမိပါသည်။ ဆောင်းအကုန် နွေဦးရောက်တိုင်း တောင်လေရူးကမြူးစမြဲဖြစ်သည်။ ထန်းသမားတို့က ၎င်းလေလာချိန်ကို အတွေ့အကြုံအရ သိနားလည်ကြပြီးဖြစ်သည်။

အညာကျေးလက်ဒေသတိုင်းတွင် ထန်းပင်များတည်ရှိနေကြသည်။ အပင်အရေအတွက် အနည်း၊ အများ ကွာခြားကြမည်ဖြစ်သော်လည်း ထန်းလုပ်ငန်းများက သဘောတရားတူညီကြသည်ဖြစ်ရာ "ထန်းဆော်လေ"ဟုဆိုလိုက်လျှင် ထန်းတောင်သူအားလုံးက သိရှိကြပြီးဖြစ်သည်။ မြန်မာအဘိဓာန်တွင် "ထန်းဆော်လေ/ထန်းဇော်လေ၊ ထဇော်လေ/န-ထန်းတက်လုပ်ငန်းစတင်ရာ တပို့တွဲလ၊ တပေါင်းလတို့တွင် တိုက်သောလေ"ဟုဖွင့်ဆိုထားပါသည်။ ယခုတင်ပြမည့်ကဗျာမှာ အညာကျေးလက်သရုပ်ဖော်ကဗျာတစ်ပုဒ်ဖြစ်ပါသည်။ ရာသီအားဖြင့် နွေဦးကိုဖွဲ့ဆိုသည်။ "နွေဦးရသ" အမည်ပေးထားပြီး အညာနွေဦး၏အလှကိုပုံဖော်လျက် နွေဦး၏ရသကို ကဗျာဖတ်သူများခံစားစေရန် မျှဝေထားသော ကဗျာဖြစ်သည်။

ရေးဖွဲ့သူက မောင်လင်းကြည်ဖြစ်ပြီး အမည်ရင်းဦးမြဝင်းဖြစ်သည်။ ဆရာမောင်လင်းကြည်က အညာဒေသ တောင်သာနယ်သားဖြစ်သည်။ ထန်းတော၊ ယာတောတွင် မွေးဖွားကြီးပြင်းသူဖြစ်၍ အညာသားစစ်စစ်ဟုဆိုရမည်။ ထန်းပင်၊ ဆီးပင်၊ မန်ကျည်းပင်တို့ကိုချစ်သည်။ ယာခရိုးကရွှေချိုးကူသံကိုနားဆင်လိုသည်။ ချောင်းအတက်က ထနောင်းခက်ကို သတိထားသည်။ နဘူးရုံနှင့်ဆူးချုံတို့ကို ရင်းနှီးသည်။ ပဲခင်းကိုင်းတင်းလုပ်သူများကိုလည်း ခင်မင်တတ်သည်။ ရွာသားမို့ ရွာဘုရားကိုလည်း ကြည်ညိုပါသေးသည်။ သို့သော် ကဗျာဆရာက သူပျော်ရာမှာမနေ တော်ရာမှာနေရသူဖြစ်သည်။ သင့်တော်၍ဆိုခြင်းထက် တော်၍သင့်သောနေရာမှာနေရသည်။ ဆရာမောင်လင်းကြည်က ခေတ်ပညာတတ်၍ ပညာရပ်ဝန်းဟုဆိုနိုင်သော တက္ကသိုလ်များတွင် ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့ရာ ပါမောက္ခချုပ်အဆင့်ထိ တာဝန်ယူခဲ့ရသူလည်းဖြစ်သည်။ ဒဿနိကဗေဒအထူးပြုပီပီ အတွေးအမြင်ဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။ ကျမ်းများပြုစု၍ ကျမ်းများစွာကိုလည်း အကဲဖြတ်ခဲ့ရသူဖြစ်သည်။ ပြည်မြို့ ရွှေဆံတော်ဘုရားကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်း ကွယ်လွန်ချိန်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရာ ကောင်းကျိုးအဖြာဖြာကို မကွေမကွာထမ်းဆောင်ခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။

> ❖ တပေါင်းပြီးလျှင် မြန်မာ့နှစ်ကူး တန်ခူးလသို့ ကူးပြောင်းတော့မည်။ တန်ခူးလကို ထန်းခူးသောလဟူ၍လည်း သတ်မှတ်လေ့ရှိသည်။ ထန်းပင်များမှ ထန်းရည်များ လှိုင်လှိုင်ထွက်သောအခါလည်းဖြစ်သည်။ တန်ခူးမရောက်မီ တပို့တွဲ၊ တပေါင်းလကတည်းကပင် အညာထန်းသမားမိသားစုများက ထန်းလုပ်ငန်းများအတွက် စတင်ပြင်ဆင်ကြရသည်။ မြန်မာနိုင်ငံအတွင်း လေတိုက်ခတ်ခြင်းကို မြောက်မှတောင်၊ တောင်မှမြောက် လမ်းကြောင်းအတိုင်း အခြေခံအားဖြင့် တိုက်ခတ်လေ့ရှိကြောင်း မှတ်သားမိပါသည်။ ဆောင်းအကုန် နွေဦးရောက်တိုင်း တောင်လေရူးကမြူးစမြဲဖြစ်သည်။ ထန်းသမားတို့က ၎င်းလေလာချိန်ကို အတွေ့အကြုံအရ သိနားလည်ကြပြီးဖြစ်သည်။ ❖

ဆရာ၏ နွေဦးရသ ကဗျာအဖွင့်တွင်-

၁။

"ထန်းဆော်လေပါလား
ထန်းလက်ကြားမှာ တိုးဝှေ့သွား
တောစပ်ဆီမှာ တစ်ထောက်နား
ဥသြအဖော် စောင့်တာလား. . ။"ဟုစတင်ပါသည်။

အညာနွေဦးထန်းဆော်လေမြူးပုံကို ရိုးရိုးကလေးဖွဲ့သည်။ ထန်းလက်များကြား တိုးဝှေ့သွားသည့် လေတိုက်ခတ်သံကို ကြားယောင်လာစေသည်။ လေတိုက်ပုံက ပြင်းပြင်းထန်ထန်မဟုတ်။ အချိန်အားဖြင့်လည်း မကြာ။ ခဏမျှသာ။ နွေဦးကိုကြိုဆိုတေးဆို၍ အလွမ်းဓာတ်လက်ဆင့်ကမ်းတတ်သော ဥသြငှက်ကလည်း အညာရောက်ချိန် နောက်ကျတတ်သည်။ ထန်းဆော်လေက စောပြီး ဥသြကနောက်မှရောက်လေ့ရှိရာ ထန်းဆော်လေကပင် ဥသြကိုစောင့်လေဟန်ဆိုချင်ပုံရပါသည်။

"လက်ပံကဦး၊ ပေါက်ကဖူး"ဟူသော အဆိုတစ်ရပ်ကိုကြားဖူးသည်။ လက်ပံများက စောစောပွင့်၍ ပေါက်ပင်များက လက်ပံပွင့်ပြီး နောက်မှပွင့်သည်။ လက်ပံက ရက်မကြာ။ ပေါက်ကမူ လချီ၍ကြာအောင် အပင်တွင်မြဲမြဲပွင့်တတ်သည်။ လက်ပံတွင် ဆက်ရက်ညံစွာကျလေ့ရှိသည်။ လက်ပံရော ပေါက်ပွင့်ပါ ရဲရဲနီစွာပွင့်ကြပြီဆိုလျှင် တစ်တောလုံးရဲရဲတောက်တော့သည်။ အနောက်တိုင်းသားတို့ တင်စားဖွဲ့နွဲ့ကြသည့် တော၏မီးလျှံပင် Flame of Forest မျိုးထဲတွင် လက်ပံနှင့်ပေါက်ပင်တို့ အကျုံးဝင်လျက်ရှိနေပါသည်။ မြေပြင်တွင် ပတ္တမြားအသွင် အများမြင်ရမည့်လက်ပံ၊ ပေါက်တို့၏ပွင့်ကြွေများ ကောက်မည့်သူကင်းဝေးပုံကို-

၂။

"အထက်နဘံ၊ ဇယက် (ဆက်ရက်)ညံ၍
လက်ပံနှင့်ပေါက်၊ တောလုံးတောက်ကာ
ပင်အောက်မှာကြဲ လေမှာဝဲ
ကောက်မည့်သူက ပေါ်လာခဲ့. . ။"ဟု နွေဦးရှုခင်းကို ခင်းကျင်းပြသပါသည်။

တပေါင်း၊ တန်ခူးလများတွင် ငှက်ကျေးများမြူးထူးကြပုံကို ခေတ်အဆက်ဆက် စာဆိုတို့က ရေးဖွဲ့ခဲ့ကြပြီးဖြစ်သည်။ လေရူးကြောင့် မြေလူးကြရရှာသော ရွက်ဝါတို့ကလည်း နေရာအနှံ့ပင်။ ရွာအပြင် ယာတစ်ခွင်လုံးတွင်လည်း ပင်ခြေပင်အောက် ရွှေရောင်တောက်ချိန်ပင်။ ဆရာဒဂုန်တာရာက "နှင်းယွန်းဂိမှာန်"ကဗျာတွင် "ပေါက်လဲပွင့်ငုံ၊ သရက်ထုံ၍"ဟု ရေးဖွဲ့ခဲ့သည့်နည်းတူ ဆရာမောင်လင်းကြည်ကလည်း သရက်ဖူးချိန်တွင် သရက်ဖူးရနံ့လေမှာပြန့်သည်ကို ရည်ရွယ်လျက်-

၃။

"သရက်ကဖူး၊ ငှက်ကမြူး၍
လေရူးကမွှေ၊ ဟောင်းရွက်ကြွေကာ
ပင်ခြေမှာကျင်း ယာမှာဝင်း. . . ။"ဟု ဆက်လက်သီကုံးပြန်ပါသည်။

ထန်းတောင်သူတို့၏ နှစ်စဉ် မျှော်မှန်းချက်မှာ ထန်းလျက်များများရရှိရေးဟုဆိုနိုင်ပါလိမ့်မည်။ ထန်းဖိုဦးမှသည် ထန်းဖိုပိတ်သည့်တိုင် လများချီ၍ ထန်းရည်မှ ထန်းလျက်ရရန် ပင်ပင်ပန်းပန်းလုပ်ဆောင်ရသည်လည်းဖြစ်သည်။ ထန်းလျက်ချက်ရန် ထင်းလိုအပ်သည်။ ထန်းတောနှင့်အတူ အညာပေါက်ပင် ရှား၊ ထနောင်းနှင့် အခြားထင်းရသောအပင်များစွာရှိခဲ့သည်။ ယခုအခါ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းကို အများအသိဖြစ်သည်။ ကဗျာဆရာက သည်အချက်ကို သတိပြုမိသည်။ ထန်းရွက်ခြောက် ထန်းလက်ခြောက်နှင့် အခြားရရာရွက်ခြောက်များက ထန်းလျက်ဖိုအတွက် လောင်စာဖြစ်တော့သည်။ ထန်းဆော်လေသွင်းချိန်နှင့်အတူ ထန်းလျက်နံ့လည်း သင်းလာပုံကို-

၄။

"တောင်ယာတောင်ခြေ၊ ပြုန်းခဲ့လေသည်
ထင်းခွေထင်းရှား၊ မရပါလည်း
ရွက်ဝါခြောက်ခြောက် လိုက်လို့ကောက်ကာ
ဖိုမှာထည့်လျက် ထညက်(ထန်းလျက်)ချက်ပြီ
တောဘက်ဆီမှာ မွှေးပျံ့သင်း
ထန်းဆော်လေက သုန်သုန်သွင်း. . ။"ဟု ဆက်လက်ရေးဖွဲ့လိုက်ပါသည်။

ထန်းရည်က အချို၊ အခါးနှစ်မျိုးခွဲနိုင်သည်။ ထန်းလျက်ချက်လုပ်သည်က ထန်းရည်ချိုဖြစ်ပြီး လူငယ်လူရွယ်တို့ အပန်းဖြေသောက်သုံးကြသည်က ထန်းရည်ခါးဖြစ်သည်။ တစ်နေ့တာ ယာလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် ထန်းလုပ်ငန်းများ ပင်ပန်းကြီးစွာလုပ်ဆောင်ပြီးသော် ညနေခင်းတွင် လူရွယ်ဖော်တစ်သင်းဝိုင်းဖွဲ့၍ ထန်းရည်နှင့် အပန်းဖြေတတ်ကြသည်။ ထန်းလျက်ဖိုက မီးခိုးတလူလူ။ ထန်းတောထဲက ချိုးကူသံကညံဆဲ။ ညနေခင်းက မှုန်ရီရီ။ သည်အချိန် ထန်းတောထဲက အလှကို-

၅။

"ခိုးတလူလူ ချိုးကကူစဉ်
တမြူတစ်အိုး ယာခရိုး၌
မိုးချုပ်သည့်တိုင် ဝိုင်းဖွဲ့ထိုင်ပြီ
ရာသီနွေလ မှုန်ပျပျ
ပင်ကျရည်က ချိုမြမြ. . ။ ။"ဟု အဆုံးသတ်လိုက်ပါသည်။

ကမ္ဘာမြေတည်တံ့နေသရွေ့ မြန်မာနိုင်ငံတည်ရှိနေမည်ဖြစ်သည်။ မြန်မာမြေရှိလျှင် အညာမြေကလည်း မလွဲမသွေတည်နေပါလိမ့်ဦးမည်။ အညာရှိလျှင် ထန်းပင်ထန်းတောကလည်း အလှဆင်လျက်ရှိနေဦးမည်သာ။ မြန်မာ့အကြိုက် ထန်းလျက်ကလည်း ဆက်လက်ပြီး ချက်နေကြရဦးမည်ပင်။ ထို့ကြောင့် ဆရာမောင်လင်းကြည်၏ နွေဦးရသကဗျာလေးကလည်း ကာလရှည်စွာ အညာမြေအလှ စာပေအလှဆင်လျက်ရှိနေမည်ဖြစ်ပါကြောင်း။ ။

**ကိုးကား**

**-ချင်းတွင်းမဂ္ဂဇင်း ၂၀၁၀-မတ်လ**

---

## မောင်တောမြို့နယ် ငွေတောင်+သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောင်တော မတ် ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငွေတောင်+သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာဓမ္မာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ငွေတောင်+သာယာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် ငွေတောင်+သာယာကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦး ငွေကျပ် ၄၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**အထွေး**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ ပဲလေ့စ်၊ နာပိုလီ၊ ဘာစီလိုနာအသင်းတို့ကို ရွေးချယ်ရမှာပါ

M L




တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုနဲ့ မြို့ခံပြိုင်ဘက်အသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ ရမှတ်လိုအပ်တဲ့ အသင်းကြီးတွေအားလုံး နိုင်ပွဲရှာနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်က မန်ယူ၊ စီးရီးအေက အေစီမီလန်နဲ့ ဘွန်ဒက်လီဂါက ဒေါ့မွန်အသင်းတို့ပဲ အသင်းငယ်တွေကို ရမှတ်ခွဲပေးလိုက်ရတာဖြစ်ပါတယ်။ ဒီတစ်ပတ်ကြားရက်မှာလဲ ဥရောပပြိုင်ပွဲတွေရှိနေတာကြောင့် ပါဝင်ခဲ့ရတဲ့အသင်းတွေဟာ ပွဲပန်းမှုနဲ့ဒဏ်ရာရကစားသမားတွေရှိနေမှာဖြစ်လို့ သတိထားရွေးချယ်ရမှာဖြစ်ပြီး တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ခံစစ်ကစားပုံမာကျောပြီး တိုက်စစ်ပိုင်းကစားအားကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားရမှာပါ။

## ပဲလေ့စ်ကိုအားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အာဆင်နယ်နဲ့ ပဲလေ့စ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံခဲ့စဉ်က အာဆင်နယ်အသင်းက အဝေးကွင်းကနေ နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအချိန်မှာ အာဆင်နယ်အသင်းက တိုက်စစ်ပိုင်းထက်မြက်နေချိန်ဖြစ်သလို အဓိကကစားသမားအားလုံးပါဝင်နိုင်ခဲ့တာကြောင့် ဂိုးပြတ်နိုင်ပွဲရှာတွေ့သွားတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပဲလေ့စ်အသင်းဟာ ခံစစ်ကစားပုံကောင်းပေမဲ့ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲမရခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ အဆင့်(၁၂)ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအဝေးကွင်း ၁၃ ပွဲမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံးခဲ့ပေမဲ့ အာဆင်နယ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ အဝေးကွင်းငါးကြိမ်မှာ တစ်ကြိမ်ပဲရှုံးနိမ့်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်းတွေ့ဆုံမှုတွေမှာတော့ ရှုံးပွဲမရှိခဲ့ပါဘူး။ လက်ရှိသူတို့အသင်းတိုက်စစ်ကိုတော့ ဇာဟာ၊ အဇီ၊ အီဇိုအာ့ဒ်တို့ဦးဆောင်နေပြီး ဇာဟာကသွင်းဂိုးခြောက်ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။

အာဆင်နယ်အသင်းဟာ တိုက်စစ်မှူး ဂျီးဆပ်ဒဏ်ရာသက်သာလာတာကြောင့် အသင်းတိုက်စစ်ပိုင်းထက်မြက်လာပေမဲ့ ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းခံစစ်ပိုင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဘွန်းမောက်ကိုသုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပွဲစဉ်မှာလဲ အမှားများနေခဲ့လို့ နောက်ကလိုက်ကစားပြီး နိုင်ပွဲရှာခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်ပိုင်းကိုတော့ မာတင်နယ်လီက ဦးဆောင်နေပြီး သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဖြစ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကြားရက် ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ အဓိကကစားသမားတွေအသုံးပြုခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့ပေမဲ့ အကြိတ်အနယ်ကစားထားရလို့ ပွဲပန်းမှုဒဏ်လဲရှိနေမှာသေချာပါတယ်။ အခုပွဲစဉ်မှာတော့ အယ်နန်နီ၊ အန်ကေးတီးယားတို့ကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်လာနိုင်ပေမဲ့ အိမ်ကွင်းခံစစ်ပိုင်းအားနည်းချက်ကို မပြုပြင်နိုင်ရင်တော့ ပဲလေ့စ်ကိုရမှတ်ခွဲပေးရမှာပါ။ ဒါ့ပြင် လန်ဒန်မြို့ခံပြိုင်ဘက် ပဲလေ့စ်ကလဲခံစစ်ကစားပုံမာကျောသလို ပြီးခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက် ရမှတ်ဆုံးရှုံးခဲ့တာကို ပြန်လည်ရှာဖွေနိုင်တာကြောင့် ပဲလေ့စ်အသင်းကိုပဲအားပေးရမှာပါ။

**အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၄ | - | ၀ | အဲဗာတန် |
| အာဆင်နယ် | ၃ | - | ၂ | ဘွန်းမောက် |
| စပို့တင်းလစ္စဘွန်း | ၂ | - | ၂ | အာဆင်နယ် |
| ဖူလ်ဟမ် | ၀ | - | ၃ | အာဆင်နယ် |

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၀ | လီဗာပူး |
| အေဗီလာ | ၁ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၀ | - | ၁ | မန်စီးတီး |
| ဘရိုက်တန် | ၁ | - | ၀ | ပဲလေ့စ် |

## နာပိုလီရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ တိုရီနိုနဲ့ နာပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တိုရီနိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ခုနစ်ဂိုးထိခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိတိုရီနိုအသင်းဟာ ၂၆ ပွဲကစားအပြီးမှာ ရမှတ် ၃၇ မှတ်ထိရရှိခဲ့တာကြောင့် အဆင့်(၈)မှာရောက်ရှိနေပြီး အဆင့်(၆)အတ္တလန်တာနဲ့ ရမှတ် ငါးမှတ်သာကွာဟနေပေမဲ့ ခံစစ်ပိုင်းကပေးဂိုးများနေတာကိုသတိပြုရမှာပါ။ သူတို့အသင်း ခံစစ်ပိုင်းအနေနဲ့ ၂၆ ပွဲမှာ ပေးဂိုး ၂၉ ဂိုးခွင့်ပြုထားရသလို တိုက်စစ်ပိုင်းကလဲ သွင်းဂိုး ၂၉ ဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုရာသီမှာ ဘယ်လော့တီ၊ ဘရီမာတို့ထွက်ခွာသွားပြီးနောက်ပိုင်း တိုရီနိုအသင်းရဲ့ အိမ်ကွင်းကစားပုံဟာ သာမန်သာရှိတော့ပြီး အသင်းကြီးတွေနဲ့ တွေ့ဆုံခဲ့ရာ အေစီမီလန်တစ်သင်းတည်းကိုပဲ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။

နာပိုလီအသင်းဟာ ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ထားပြီး ကြားရက်က ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ ဖရန့်ဖတ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီးနောက် တစ်ဆင့်တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ နည်းပြစပယ်လက်တီရဲ့ နည်းစနစ်အောက်မှာပုံစံကောင်းပြသနေတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာလဲ ရှုံးပွဲနှစ်ပွဲသာရှိခဲ့ပြီး ရမှတ် ၆၈ မှတ်ထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယနေရာက ရမှတ် ၅၀ နဲ့ဖိအားပေးနေတဲ့ အင်တာမီလန်အသင်းကို ၁၈ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့လို့ ချန်ပီယံဆုကိုရဖို့သေချာနေပေမဲ့ လက်ကျန်ပွဲစဉ် ၁၂ ပွဲထိ ရှိသေးတာကြောင့် လာမဲ့ပွဲစဉ်တွေကိုလဲ အမှားခံလို့မရပါဘူး။ လက်ရှိတိုက်စစ်မှူး အိုစီမန်ကတော့ သွင်းဂိုး ၁၉ ဂိုးထိသွင်းယူထားပြီး စီးရီးအေရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာလဲဖြစ်ပါတယ်။ ဒါ့ပြင် နာပိုလီအသင်းဟာ အခုရာသီမှာ အိမ်ကွင်း၊ အဝေးကွင်းမရွေးဘဲ ပြိုင်ဘက်တိုင်းကို ဖိအားပေးကစားထားနိုင်ခဲ့ပြီး အဝေးကွင်း ၁၃ ပွဲမှာလဲ ရှုံးပွဲတစ်ပွဲနဲ့ အဝေးကွင်းပေးဂိုးခုနစ်ဂိုးသာရှိနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းရဲ့ ကစားသမားစုဖွဲ့မှုမှာလဲ နာပိုလီအသင်းက အသာရနေသလို ထိပ်တိုက်တွေ့ဆုံမှုအစဉ်အလာမှာလဲ နာပိုလီကပဲ အသာရနေတာကြောင့် ညွှသည်နာပိုလီအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၁ | - | ၀ | တိုရီနို |
| တိုရီနို | ၂ | - | ၂ | ခရီမိုနန်စီ |
| ဂျူဗင်တပ် | ၄ | - | ၂ | တိုရီနို |
| တိုရီနို | ၁ | - | ၀ | ဘိုလော့နာ |
| လက်ချီ | ၀ | - | ၂ | တိုရီနို |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၀ | - | ၂ | နာပိုလီ |
| အမ်ပိုလီ | ၀ | - | ၂ | နာပိုလီ |
| နာပိုလီ | ၀ | - | ၁ | လာဇီယို |
| နာပိုလီ | ၂ | - | ၀ | အတ္တလန်တာ |
| နာပိုလီ | ၃ | - | ၀ | ဖရန့်ဖတ် |

## ဘာစီလိုနာကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာနဲ့ ရီးရဲလ်မက်ဒရစ်တို့ရဲ့ အယ်ကလက်စီကိုပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အခုရာသီမှာအမှတ်ပေးပြိုင်ပွဲနဲ့ ကိုပါဒယ်ရေးဖလားမှာ နှစ်ကြိမ်တွေ့ဆုံထားပြီး နှစ်ကြိမ်စလုံး ဘာစီလိုနာအသင်းကပဲ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ဘာစီလိုနာအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲအပြီးမှာ ၂၁ ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၆၅ မှတ်ထိ ရယူနိုင်ခဲ့တာကြောင့် ဒုတိယနေရာကဖိအားပေးနေတဲ့ ရီးရဲလ်မက်ဒရစ်ကို ကိုးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့တာလဲဖြစ်ပါတယ်။ လက်ရှိ ၄-၃-၃ ကစားကွက်အခင်းအကျင်းမှာတော့ ဘာစီလိုနာတိုက်စစ်ပိုင်းကို လီဝမ်ဒေါ့စကီး၊ ရာဖင်ဟာ၊ ဖာရန်တောရက်စ်တို့ဦးဆောင်နေပြီး လီဝမ်ဒေါ့စကီးက သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ပက်ထိရီနဲ့ ဒမ်ဘီလီတို့မပါနိုင်ပေမဲ့ ကျန်ကစားသမားအားလုံးပါဝင်ကစားနိုင်မှာဖြစ်သလို ဘာစီလိုနာအသင်း ကစားအားကောင်းလာမှာသေချာပါတယ်။

နည်းပြအန်ဆယ်လော့တီရဲ့ ရီးရဲလ်မက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပုံစံကောင်းပြသနိုင်ခဲ့ပြီး လီဗာပူးအသင်းကိုအနိုင်ယူခဲ့ပေမဲ့ လာလီဂါပြိုင်ပွဲမှာတော့ နောက်ဆုံးသုံးပွဲမှာတစ်ပွဲသာအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းလေးပွဲမှာလဲ အိုဆာဆူနာအသင်းကိုပဲ အနိုင်ရခဲ့ပြီး မာယော့ကာကို တစ်ဂိုးဂိုးမရှိ၊ ဗီလာရီးရဲလ်ကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့သလို ဘက်တစ်ကိုဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် ကြားရက်မှာလဲ ချန်ပီယံလိဂ်ပြိုင်ပွဲကို လီဗာပူးအသင်းနဲ့ အကြိတ်အနယ်ကစားခဲ့ရပြီး အဓိကကစားသမားအားလုံးအသုံးပြုခဲ့တာကြောင့် ပွဲပန်းမှုရှိနေမှာဖြစ်သလို ဗင်နီစီးယက်စ်နဲ့ ဘင်ဇီးမားတို့ ဂိုးမသွင်းနိုင်ရင်တော့ ဘာစီလိုနာအသင်းကိုထပ်မံရှုံးနိမ့်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ဘင်ဇီးမားဟာ ဘာစီလိုနာနဲ့တွေ့ဆုံတဲ့ပွဲစဉ်တွေမှာ ဂိုးသွင်းယူလေ့ရှိတာကြောင့် ဘာစီလိုနာတိုက်စစ်ပိုင်းအနေနဲ့ ဘင်ဇီးမားကိုထိန်းချုပ်နိုင်ရင် နိုင်ပွဲရဖို့ သေချာသွားမှာပါ။ နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းမှာတော့ အန်ဆယ်လော့တီက သာလွန်နေပေမဲ့ သူ့အနေနဲ့ ဇာဗီနဲ့တွေ့ဆုံတဲ့ ပွဲစဉ်တွေတိုင်းရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးချန်ပီယံဆုကိုရရှိဖို့ အခုပွဲစဉ်မှာ အမှားခံလို့မရဘဲ ရမှတ်ဖြတ်တောက်ဖို့ ဆက်လက်ကြိုးစားမဲ့ အိမ်ရှင် ဘာစီလိုနာကိုပဲ ရွေးချယ်ရမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၁ | ဘာစီလိုနာ |
| အယ်မာရီယာ | ၁ | - | ၀ | ဘာစီလိုနာ |
| ရီးရဲလ်မက်ဒရစ် | ၀ | - | ၁ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၁ | - | ၀ | ဗလင်စီယာ |
| ဘီလ်ဘာအို | ၀ | - | ၁ | ဘာစီလိုနာ |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၁ | အေတီကို |
| ရီးရဲလ်မက်ဒရစ် | ၀ | - | ၁ | ဘာစီလိုနာ |
| ဘက်တစ် | ၀ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | အက်စ်ပန်ညို |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | လီဗာပူး |

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ သြစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

ဒဂုံနှင့်အတူ ရက်ယူလိုက်ပါ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အရေးပီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ တံတိုင်းရှည်ရွာနေ ဦးသိန်းစိုး မှ **(1) ရွှေပွင့်လွှာ (2) လန်းဆန်း (3) ညောင်ရိုပ် (4) ညောင်ရိပ် (5) အေးရိပ်** တံဆိပ်(၅)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးသိန်းစိုး ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းစိုး (၉/နထက(နိုင်)၁၃၀၂၉၅)**
**တံတိုင်းရှည်ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။ 09-977482798**

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်နေ ဒေါ်သိန်းသိန်းအောင်(ဇ)ဦးခင်အောင်(၅/ဗလန(နိုင်)၀၄၇၆၉၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၂၂၅၆၉၉

### ပျောက်ဆုံးကြောင်း

ရေကြည်မြို့နေ ဦးအောင်သူ(ဇ)ဦးကျော်လင်း (၁၂/ဥကတ(နိုင်)၀၇၇၀၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၇၀၄၁၁

### ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နယ်နေ ဒေါ်အေးသဉ္ဇာ(ဇ) ဦးမြင့်ဆွေ (၁၄/သပန(နိုင်)၁၂၉၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၄၀၉၉၃၆၆၀

## စားသောက်ဆိုင်ဝန်ထမ်းအလိုရှိသည်

၁။ ဝိတ်တာ (ကျား၊မ)
၂။ စားဖိုချောင်အကူ (ကျား၊မ)
၃။ ပန်းကန်ဆေး (ကျား၊မ)
၄။ ဝန်ထမ်းများအတွက် ထမင်း/ဟင်းချက် (ကျား၊မ)

အမှတ်စဉ်အားလုံးအတွက် နယ်မှလူများ ဦးစားပေးပြီး နေ/စားအငြိမ်း စီစဉ်ပေးသည်။ အသက် (၃၅) မကျော်သူ၊ အိမ်ထောင်မရှိသူ၊ ကျောင်းကိစ္စကင်းရှင်းသူ ဖြစ်ရမည်။ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်- လမ်း ၃၀ နှင့် ၆၄ လမ်းထောင့်
09-777961955

သစ်ပင်
ခိုက်မှ
အရိပ်ရ၏
ရိပ်ခို
နားနေ
အပန်းပြေ၏

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ ကပိုင်ကျေးရွာနေ ကျွန်တော် ဦးသွမ်းယောဟန်-ဒေါ်စန်းငွေး တို့၏ သားဖြစ်သူ **မောင်ကျော်စိန် (၉/မကန(နိုင်)၁၈၇၅၉၇)** သည် မိဘများစိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိဘညီအစ်ကိုမောင်နှမများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*
**ဦးသွမ်းယောဟန်-ဒေါ်စန်းငွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(သာလွန်)မှ မူလတန်းပြဆရာမ ဒေါ်အေးအေးသင်း (၉/မသန(နိုင်)၀၄၄၆၀၉)၏ဖခင် ဦးအုန်းဆောင် (၅/အရတ(နိုင်)၀၄၈၅၇၁)နှင့် ဦးအုံးဆောင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအုန်းဆောင်(ခ)ဦးအုံးဆောင်**

## မွေးသက္ကရာဇ်အမှန်

ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(သာလွန်)မှ မူလတန်းပြဆရာမ ဒေါ်အေးအေးသင်း (၉/မသန(နိုင်)၀၄၄၆၀၉)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၁-၁၉၇၂ ဖြစ်ပါကြောင်း။ ၂၈-၁၁-၁၉၇၂

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကိုမလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်ကို အထူးသတိပြုကြရန် တိုက်တွန်းလိုပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## နန်းဖာဒင်ကြိုးပြင်ကာကွယ်တောသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၂၀၀၆ ဧကရှိသော နယ်မြေကို **"နန်းဖာဒင်ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၂၃)အရ ၁၃၈၄ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (၂၀၂၃ ခုနှစ် မတ် ၁၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

နန်းဖာဒင်ကြိုးပြင်ကာကွယ်တောဧရိယာအနီးအနားရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းရန်၊ ဒေသခံပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၁၉ ကော်လံ ၄** ■





**၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာနေ့တွင် သမိုင်းဘာသာရပ်ကို အေးချမ်းစွာဖြေဆိုပြီးနောက် ပြန်လည်ထွက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာနေ့အဖြစ် သမိုင်းဘာသာရပ်များ ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် အင်္ဂလိပ်စာနေ့အဖြစ် သမိုင်းဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို

**စာမျက်နှာ ၁၈ ကော်လံ ၄** ☆

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar